# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၀)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၁ ရက် ၊ ၂၉-၃-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောကြားချက်

နေပြည်တော် မတ် ၂၈

မိဘပြည်သူများခင်ဗျာ။

မိဘပြည်သူများ သိရှိပြီးဖြစ်တဲ့အတိုင်းပဲ ဒီနေ့ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်မှာ နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ အချို့ဒေသတွေမှာ ငလျင်လှုပ်ခတ်မှုဖြစ်ခဲ့ပါတယ်။ ဖြစ်ပွားတဲ့နေရာကတော့ မန္တလေးမြို့ရဲ့အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာမှာ ဗဟိုပြုပြီးတော့ မြေအောက် ၁၀ ကီလိုမီတာအနက်မှာ လှုပ်တယ်လို့ ကျွန်တော်တို့သိရပါတယ်။ လှုပ်တဲ့အဆင့်ကတော့ ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိကြောင်းနဲ့ အဲဒီငလျင်က အလွန်ပြင်းထန်တဲ့ ငလျင်တစ်ခုဖြစ်ကြောင်းလည်း သိရှိရပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြား၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် မတ် ၂၈

ယနေ့ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသော မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ဝ၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၃ ဒီဂရီ၊ အနက် ၁၀ ကီလို မီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခဲ့ပြီး နောက်ဆက်တွဲ ငလျင်ငယ် သုံးခုခန့် လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

စာမျက်နှာ ၃ သို့

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုစဉ်။

၂၀၂၅ ခုနှစ်၊ မတ် ၂၉ ရက်၊ စနေနေ့။
မန္တလေးနေ့စဉ်

# စည်းကမ်းသည် လူ့တန်ဖိုး

လူတိုင်း၏ဘဝကို မြင့်မားအောင် ဖန်တီးပေးနိုင်သည့် အချက်မှာ စည်းကမ်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စည်းကမ်းသည် လူ့တန်ဖိုးဟု ဖော်ညွှန်းပြသနေသည်။ ထို့ကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ရန်အတွက် လူ့တန်ဖိုးကို ပြသရမည်ဖြစ်သည်။ စည်းကမ်းကို ငယ်စဉ်ဘဝကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့် စွဲမြဲလာပါက စည်းကမ်းလိုက်နာရမည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တော့ပါ။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရသကဲ့သို့ ပေါ့ပေါ့ပါးပါးဖြစ်လာမည်။ ''အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက''ဟူသော ဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝတွင် စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်းဆိုနေခြင်းဖြစ်သည်။ ကျောင်းတက်နေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံ ဝတ်ဆင်ရသည်။ သတ်မှတ်ထားသောအချိန် ကျောင်းကိုရောက်အောင်သွားရသည်။ သတ်မှတ်ထားသောအချိန်တွင် ကျောင်းဆင်းကြရသည်။ ဤသည်တို့မှာ ကျောင်းသား၊ ကျောင်းသူတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းချက်ဖြစ်သည်။

ထို့အပြင် ကျောင်းသားအရွယ် ကျော်လွန်၍ ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ ထိုသို့ ဥစ္စာရှာရာတွင် လုပ်ငန်းခွင်စည်းကမ်းချက်များကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန် တတိယအရွယ်တွင် တရားဘာဝနာ ရှာဖွေကြရမည်ဖြစ်သည်။ တရားစခန်းရိပ်သာများသို့ သွားရောက်ပါက သက်ဆိုင်ရာ တရားစခန်း၏ စည်းကမ်းချက်များကို လိုက်နာကြရမည်ဖြစ်သည်။ စည်းကမ်းဟူသည် လူ၏ကိုယ်ကျင့်တရားနှင့် ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျ နေထိုင်တက်စေရန် အားပေးတတ်ကြသည်။

ဘဝအောင်မြင်ရေး ဘဝရပ်တည်ရေး အစရှိသည့် ကိစ္စများတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံတွေ့ကြရမည်ဖြစ်သည်။ ထိုသို့ နေရာတိုင်းတွင် ချမှတ်၊ သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်မည်ဆိုပါက အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။ စည်းကမ်းကို ကောင်းစွာ သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာကို ဖြစ်ပေါ်စေသည်။ စည်းကမ်းနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်၏ လက်ယာတော် ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးသည် ဝိနည်းတော်စည်းကမ်းချက်ကို အလွန်လေးစားလိုက်နာသူဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

လူ့လောကကြီး တည်ရှိနေခြင်းသည် စည်းကမ်းအထိန်းအကွပ်ကြောင့်ဖြစ်သည်။ စည်းကမ်းသည် လူတစ်ဦးချင်းစီ၏ ဘဝများကိုလည်း မြှင့်တင်ပေးသည်။ စည်းကမ်းသည် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်ဖြစ်သည်။

သို့ဖြစ်ရာ မြတ်စွာဘုရားရှင်ကပင် မင်္ဂလသုတ်တော်၌ ''ဝိနယောစသုသိက္ခိတော''ကျင့်ဝတ်စည်းကမ်းကို ကောင်းစွာ သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်သည်ဟု မိန့်ကြားတော်မူခဲ့ရာ လူတိုင်း လူတိုင်း သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် စည်းကမ်းသည် လူ့တန်ဖိုးကို မြှင့်တင်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဟိုပုံးမြို့နယ် အ.ထ.က(၁)ကျောင်း၌ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း အသိပညာပေးဟောပြောပွဲ ကျင်းပ



**ဟိုပုံး မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ရုံးချုပ်)နေပြည်တော်၊ တောင်ကြီး(ရုံးခွဲ)နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍''ပညာရေးမှတစ်ဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကိုတိုက်ဖျက်ခြင်း'' ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ရှေးဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တောင်ကြီး(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများရရှိစေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လာစေရန်၊ အဂတိလိုက်စားမှုကို လုံးဝ လက်မခံသည့် လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် အဓိကကျသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ရုံးချုပ်) နေပြည်တော်မှ ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူက အဂတိလိုက်စားမှုဆိုသည့် အဓိပ္ပာယ်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်၊ အဂတိလိုက်စားမှုတွင် ဆရာ၊ ဆရာမများ၏အခန်း ကဏ္ဍစသည့်အကြောင်းအရာ များနှင့် ''ပညာရေးမှတစ်ဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင် ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်း''ခေါင်းစဉ်အား ပရိုဂျက်တာဖြင့် အသိပညာပေး ဟောပြောခဲ့သည်။ (ဝဝုံ)

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်တို့မှ အလယ်တန်းနှင့် မူလတန်းပြဆရာ၊ ဆရာမများ က မိမိတို့သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## သတင်းရေးသားနည်း သင်ကြားပေး



**ကျောက်ဆည် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် သတင်းရေးသားရာတွင် မှန်ကန်မြန်ဆန်ပြီး ထိရောက်၍တန်ဖိုးရှိသော သတင်းများရေးသားနိုင်ရန်၊ ပြည်သူလူထုထံသို့ပေးပို့သည့်အခါ ထိရောက်စွာနှင့် အချက်အလက်များပြည့်စုံစွာဖြင့် ဖော်ပြနိုင်ရေးအတွက် သတင်းရေးသားနည်း သင်တန်းကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြုပြဟိုဌာန (Community Center)ခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်များ၊ သတင်းသမားတစ်ဦးတွင်ပြည့်စုံရမည့်အရည်အချင်းများ၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှုအကြောင်းများ သင်ကြားပေးခဲ့ရသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးသက်မောင်က သတင်းဓာတ်ပုံရိုက်ကူးနည်း၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ သိရှိရမည့်အချက်များအကြောင်း၊ သတင်းဗွီဒီယိုထုတ်လွှင့်ခြင်း၊ သတင်းလက်တွေ့ရေးသားခြင်း၊ အင်တာဗျူးပြုလုပ်ခြင်း၊ Talk Show များ လက်တွေ့ရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ ထုတ်လွှင့်ခြင်းများ အကြောင်း သင်ကြားပို့ချသွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါသတင်းရေးသားနည်းသင်တန်းကို ကျောက်ဆည်ခရိုင်နှင့် စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ၃ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀

## မူလတန်းကြိုကျောင်း၌ သားငယ်၊ သမီးငယ်များ သင်္ကြန်အကြို ပျော်ပွဲ ရွှင်ပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ မတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်များ သင်္ကြန်အကြို ပျော်ပွဲ ရွှင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းအတွင်း၌ ကျင်းပပြုလုပ်သည်။ (ဝဝုံ)

ရှေးဦးစွာ ကိုးပင် မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ သားငယ်၊ သမီးငယ်လေးများက သင်္ကြန်အကြို ပျော်ရွှင်စွာ ရေကစားကြခြင်း၊ မုန့်လုံးရေပေါ်များ လုံး၍ အတူတကွ စားသုံးကြခြင်း စသည်တို့ကို ပျော်ရွှင်စွာ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစုမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစုမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❍ ပြင်းထန်စွာမှ
နောက်ဆက်တွဲငလျင်များလည်း ဆက်လက်လှုပ်ရှားခဲ့တာရှိပါတယ်။

ဒီလှုပ်ရှားမှုကြောင့် ထိခိုက်ပျက်စီးမှုတွေကတော့ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ နေပြည်တော်တို့မှာ ပျက်စီးမှုများပြားပါတယ်။ ယခုအချိန်အထိသတင်းပို့ချက်အရတော့ နေပြည်တော်ကောင်စီနယ်မြေမှာ ၉၆ ယောက်၊ စစ်ကိုင်းမြို့မှာ ၁၈ ယောက်၊ ကျောက်ဆည်မြို့မှာ ၃၀ ယောက် စုစုပေါင်း ၁၄၄ ယောက် သေဆုံးကြောင်းနဲ့ ဒဏ်ရာရတာကတော့ နေပြည်တော်ကောင်စီနယ်မြေမှာ ၄၃၂ ယောက်၊ စစ်ကိုင်းမြို့မှာ ၃၀၀ ယောက်နဲ့ ကျောက်ဆည်မြို့မှာ စိစစ်ဆဲဖြစ်ပြီး အားလုံးပေါင်း ၇၃၂ ယောက် ဒဏ်ရာရရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ သေဆုံးမှုနဲ့ဒဏ်ရာရရှိမှုကတော့ ဒီထက်တိုးလာစရာရှိပါတယ်။ အချို့နေရာတွေမှာလည်း တိုက်တွေပြိုကျတဲ့အတွက်ကြောင့် ဒီတိုက်တွေကိုလည်းပြန်ပြီးတော့မှ ဆယ်တင်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့လုပ်နေဆဲဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရောက်ရှိကြည့်ရှုပြီးလည်းဖြစ်ပါတယ်။ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးကြောင့်ဖြစ်လာတဲ့ ဒီငလျင်ဒဏ်ကို ကယ်ဆယ်ရေးလုပ်ငန်းတွေကျယ်ပြန့်စွာလုပ်ဖို့ရှိတဲ့အတွက်ကြောင့် တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော့်အနေနဲ့လည်း ဖြစ်ပွားတဲ့ဒေသအားလုံးကိုလည်း အရေးပေါ်အခြေအနေကြေညာထားပြီးတော့ ပြည်ပအကူအညီများပေးနိုင်ဖို့လည်း အကုန်လမ်းဖွင့်ပေးထားပြီး ဖြစ်ပါတယ်။ မကြာသေးမီကပဲ AHA စင်တာကနေပြီးတော့ မနက်ဖြန်မှာ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းတွေပို့ဖို့နဲ့ အိန္ဒိယနိုင်ငံကလည်း မနက်ဖြန်မှာ ကူညီကယ်ဆယ်ရေးပစ္စည်းတွေပို့ဖို့ ကမ်းလှမ်းလာတာရှိတဲ့အတွက် ခွင့်ပြုထားပြီးဖြစ်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရဟန်း၊ ရှင်လူ မိဘပြည်သူမည်သူမျှမဆို လာရောက်ကူညီနိုင်ဖို့ ကျွန်တော်ဖိတ်ကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖုံးမှ
အဆိုပါ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုသို့ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား ငလျင်လှုပ်ခတ်ခဲ့မှုဖြစ်ပွားခဲ့ပြီး မကြာမီနာရီပိုင်းအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်လောင်းလမ်းဆုံနေရာမှ နေပြည်တော်တိုင်းစစ်ဌာနချုပ် မီးပွိုင့်နေရာအထိ ငလျင်ဒဏ်ကြောင့် လမ်းတံတားပျက်စီးခဲ့မှုများ၊ ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းတံတားပျက်စီးမှုများ၊

စာမျက်နှာ ၄ သို့ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုစဉ်။

စာမျက်နှာ ၃ မှ

ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ လမ်းတံတားပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူများ သွားလာမှု အဆင်ပြေစေရေးနှင့် အမြန်ဆုံးသွားလာနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားရန်၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများကို အသုံးပြု၍ လမ်းကြောင်းများ အမြန်ဆုံး ပြန်လည် ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှုဆောင်ရွက် ပေးနေမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ပူးပေါင်း၍ လျင်လျင်မြန်မြန်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်မြို့မဈေးအနီးရှိ ခရေဝန်ထမ်းအိမ်ရာအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်မြို့မဈေးအနီးရှိ ခရေဝန်ထမ်းအိမ်ရာအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်ရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် သပြေကုန်းဈေးအတွင်းရှိ ဆိုင်ခန်းများ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများကို ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှု၍ အဆောက်အအုံပျက်များအတွင်း ပိတ်မိနေသူများကို အမြန်ဆုံး ကယ်ထုတ်နိုင်ရေး ဦးစားပေး ဆောင်ရွက်သွားရန်၊ ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့်သူများအား ပစ္စည်းကိရိယာစုံစုံလင်လင်ဖြင့် ဆောင်ရွက်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်သွားစေရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သပြေကုန်းဈေးအတွင်းရှိ ဆိုင်ခန်းများ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများကို ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Col. Gen. Alexander Vasilyevich Fomin အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## ကာကွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနယ်ပယ်များသာမက အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မတ် ၂၈


နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Col. Gen. Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Kubarovich AZIZOV၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ရေးရာကောင်စီ ဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူးနှင့် ရုရှားနိုင်ငံမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့မှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံစုံတီးဝိုင်းအဖွဲ့ကလည်း မြန်မာနိုင်ငံသို့ လာရောက်၍ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံက လှိုက်လှဲစွာကြိုဆိုပါကြောင်းပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ မိမိနှင့်ကိုယ်စားလှယ်အဖွဲ့များအား မြန်မာနိုင်ငံ၏ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ တက်ရောက်ခွင့်ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြန်လည်ပြောကြားသည်။

### ဆွေးနွေး

ထို့နောက် နှစ်နိုင်ငံအကြား ရှည်ကြာသည့်သံတမန်ဆက်ဆံမှုရှိပြီး ကောင်းမွန်တိုးတက်သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်စဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား တပ်မတော်(ရေ) မှစစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးများအပြန်အလှန်လည်ပတ်လျက်ရှိမှု အခြေအနေများ၊ စစ်ဘက်နည်းပညာနှင့် အာကာသနည်းပညာဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွက်လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စစ်ဘက်နှင့်အရပ်ဘက်ပညာတော်သင်များ ရုရှားနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှု အခြေအနေများ၊ နိုင်ငံတကာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိသကဲ့သို့မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး မူကြီး (၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကာကွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး နယ်ပယ်များသာမက အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများကို နှစ်ပေါင်းများစွာ တိုးတက်ခိုင်မြဲကောင်းမွန်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Col. Gen. Alexander Vasilyevich Fomin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီးအား နှစ်(၈၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Col. Gen. Alexander Vasilyevich Fomin ထံ နှစ် (၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည်ဘယ်လာရုစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin ဦးစီးသော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထို့နောက်ကာကွယ်ရေးဝန်ကြီး ဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ ၌ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ကာကွယ်ရေးဝန်ကြီး ဌာနနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနတို့ အကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံ ရေး အခြေအနေများ၊ စစ်ဘက် ဆိုင်ရာ လေ့ကျင့်ရေးနှင့် ပညာရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံ စစ်ဘက်နည်းပညာကဏ္ဍ တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံကာကွယ် ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များမြှင့်တင်ရေးအတွက် အလား အလာရှိသော ကဏ္ဍများကို ရှာဖွေ ဖော်ထုတ်ပြီး ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည့်အခြေအနေများ ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ထို့အပြင် ထောက်ပံ့နှင့် ပို့ဆောင် ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက် ဆိုင်ရာ လေ့ကျင့်ရေးနှင့် ပညာရေး ဆိုင်ရာကိစ္စရပ်များ အပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဌာနတို့မှ တာဝန်ရှိသူများအကြား သီးခြား ဆွေးနွေးပွဲများဖြင့် အသေးစိတ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများ အပြီးတွင် ဆွေးနွေးပွဲမှတ်တမ်း အား ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး Vicktor Gennedievich Krenin တို့က အတည်ပြုလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက် ကျင်းပခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးမှု မှတ်တမ်းများကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရ သည်။

သတင်းစဉ်

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၂၈

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်း အနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက် တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာန ချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တို့၌ ကျင်းပကြသည်။



အဆိုပါ စစ်ရေးပြအခမ်းအနားသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန် ရှိသူများက တက်ရောက်မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများ တွင် ဆုရရှိကြသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်းခံရ သည့် စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့် တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများအား တိုင်းမှူးများ နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်း အမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ် များအလိုက် ပြုလုပ်ခဲ့ကြသည်။

အလားတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များတွင် လည်း နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်း အနားများ ကျင်းပခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်း များအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါ သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## အစိုးရ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများ ခေတ္တရွှေ့ဆိုင်း

နေပြည်တော် မတ် ၂၈

မန္တလေးမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့် အကွာ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့် အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်အချိန်တွင် လှုပ်ရှားသွားခဲ့ပါသည်။

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း စေတီဘုရားပုထိုးများ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရ၍ နိုင်ငံတော်အစိုးရက အရေးပေါ်အခြေအနေ ကြေညာခဲ့ရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည့် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပလျက်ရှိခြင်းကို နောက်တစ်ကြိမ် ပြန်လည်ကျင်းပရန် မကြေညာမချင်း ခေတ္တဆိုင်းငံ့ထားကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားပါသည်။

## အထူးဝမ်းနည်းကြောင်း ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ မြန်မာနိုင်ငံအတွင်း၌ အလွန်ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA မှ အထူးဝမ်းနည်းခြင်းဖြစ်ရပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးရှိ ငလျင်ဒဏ်သင့်ဒေသများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အရေးပေါ်အခြေအနေအဖြစ် ကြေညာ

ကျွန်တော်တို့ဒီနေ့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်မှာ မန္တလေးမြေငလျင်စခန်းရဲ့ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာ အကွာအဝေးကို ဗဟိုပြုပြီး အင်အား ၇ ဒသမ ၇ ရစ်(ချ်)တာစကေး ငလျင်လှုပ်ခဲ့ပါတယ်။ ဒီငလျင်နဲ့ပတ်သက်ပြီး ငလျင်ထိခိုက်ဒဏ်ခံရတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ငလျင်ဒဏ်သင့်ဒေသတွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကနေ အရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ပါတယ်။ ဒါအစိုးရအနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောလျင်စွာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ထွက်ပေါ်လာနိုင်တဲ့ ကောလာဟလအပေါ်တွေမှာ ယုံကြည်ခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ




ကော်မတီရဲ့ အဆက်မပြတ်ထုတ်ပြန်နေတဲ့ သတင်းထုတ်ပြန်ချက်တွေနဲ့အညီသာ လိုက်နာဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီငလျင်ဟာ ခန့်မှန်းချက်တွေအရ နောက်ဆက်တွဲငလျင်များလှုပ်နိုင်ပါတယ်။ ဒါကြောင့် ဘေးကင်းတဲ့နေရာမှာနေကြဖို့ အရေးကြီးတိုက်တွန်းပြောကြားလိုပါတယ်ဗျာ။

ဒီအရေးကြီးအခြေအနေအရ ထုတ်ပြန်ကြေညာအပ်ပါတယ်။ ခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လည်း နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးမှာ ရောက်နေပါတယ်။ လူနာတွေလိုက်ကြည့်နေပါတယ်။ အဓိက ကျွန်တော်ထုတ်ပြန်ချင်တာက မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်းမှာရှိတဲ့ ဆေးရုံတွေမှာ ကျွန်တော်တို့ငလျင်ဒဏ်ကြောင့်ဒဏ်ရာရလူနာတွေများပြားနေပါတယ်။ အဲဒီမှာ သွေးလိုအပ်ချက်လည်းများပြားပါတယ်။ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်းဒေသမှာရှိတဲ့ သွေးအလှူရှင်များ ဆေးရုံများနဲ့ အမြန်ဆုံးဆက်သွယ်ကူသိုလ်ပြုပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။



## သဲကုန်းမြို့နယ်၌ မြေငလျင်လှုပ်ခတ်

သဲကုန်း မတ် ၂၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် အင်အား ရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ကောင်းသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေငလျင်ကြောင့် သဲကုန်းမြို့ မြို့မရပ်ကွက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံအမျိုးသားလူနာဆောင်နံရံနှင့်ကြမ်းခင်းအက်ကွဲမှုနှင့် မြို့နယ်ဟင်းသီးဟင်းရွက်နှင့် ပန်းမန်သုတေသနဗဟိုဌာန ခြံစည်းရိုးအုတ်တံတိုင်းပြိုကျမှုတို့ဖြစ်ပေါ်ခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငလျင်လှုပ်ခတ်မှုကြောင့် မင်းဘူးမြို့အထင်ကရ နဂါးပွက်တောင် ပရိဝုဏ်အတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပွား

မင်းဘူး မတ် ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က မြေငလျင်လှုပ်ခတ်မှုကြောင့် မင်းဘူးမြို့ အထင်ကရ နဂါးပွက်တောင် အထွက်ပေါက်မုခ်ဦးရှိ သံဆန်ခါဆိုင်းဘုတ်ပြုတ်ကျကာ အဆိုပါတောင်ပရိဝုဏ်နှင့် အနီးပတ်ဝန်းကျင်၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ငလျင်လှုပ်ခတ်မှုကြောင့် နဂါးပွက်တောင်ဝင်းအတွင်းရှိ မြေကြီးများအက်ကွဲ၍ ရွှံ့နွံအနည်းငယ်ပေါ်ထွက်လာခြင်း၊ ဂေါပကရုံးခန်း အုတ်နံရံအက်ကွဲခြင်း၊ နဂါးပွက်တောင် အမတော်တောင်တက်လမ်း ဝင်ပေါက်ဘေး နဂါးရုံဘုရားခန်း အောက်ခံကြမ်းပြင်နှင့် အုတ်နံရံအက်ကွဲခြင်း၊ အလှူခံဌာနအဆောင်ရှိ သမံတလင်း အနည်းငယ် အက်ကြောင်းထင်ခြင်း၊ ဒေသအခေါ် အမတော်တောင်(တောင်မကြီး) နဂါးပွက်အိုင်အား ဘိလပ်မြေဖြင့် ပတ်ခွေထားသည့် အုတ်အဝိုင်းများကျိုးပဲ့၍ နဂါးပွက်အိုင်၌ ရွှံ့ရည်များ တစ်ပေခွဲခန့် နိမ့်ကျခြင်း၊ နဂါးပွက်တောင် ထွက်ပေါက်အပေါ်ရှိ သံဆန်ခါဆိုင်းဘုတ် အောက်ခံထောင့် ညာဘက်ခြမ်းကျိုးပဲ့၍ မြေပြင်သို့ တစ်ခြမ်းစောင်းအနေအထားဖြင့်ပြုတ်ကျကာဝင်ပေါက်အနီး မြေသားကွဲအက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတောင်ဘက်ရှိ မင်းဘူး-ကျောက်တန်းကားလမ်း၌ ပေါင်းကူးတံတားတစ်စင်း နိမ့်ဝင်ကျိုးပဲ့ပျက်စီးပြီး ကွန်ကရစ်ကားလမ်း အက်ကွဲပျက်စီးခြင်းများဖြစ်ပေါ်ကာ သနပ်ခါးတောရပ် ရေနံတွင်းဟောင်းတစ်တွင်းမှ ရေနံဓာတ်ငွေ့နှင့်ရွှံ့နွံများ ရောနှောထွက်ပေါ်ခြင်းများဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ငလျင်လှုပ်ပြီးနောက် ရေလှောင်တမံများ၏ အခြေအနေ သတင်းထုတ်ပြန်



နေပြည်တော် မတ် ၂၈

မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ပြီးနောက် ရေလှောင်တမံများ၏ အခြေအနေနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်။

ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေလှောင်တမံများ၏ ထိခိုက်ခဲ့မှုနှင့် ဘေးကင်းလုံခြုံမှုအခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးခဲ့ကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံ ၁၂ ခုအား ကနဦးစစ်ဆေးချက်များအရ တမံများအားလုံး၏ ကြံ့ခိုင်မှုကို မထိခိုက်ခဲ့ကြောင်းနှင့် မြေသားတမံအပေါ်ယံ အနည်းငယ်ထိခိုက်မှုရှိခဲ့သော်လည်း ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေ လုံးဝမရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တမံကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့ပညာရှင်များက အတည်ပြုနိုင်ခဲ့ကြကြောင်း၊ တမံများအောက်ဘက်ရှိ ရေလွှဲဆည် ၁၂ ခုအနက် အကျယ် ပေ ၉၃၀၊ အနက် ပေ ၂၀ ရှိ ဆင်သေရေလွှဲဆည်တစ်ခုသာ ပေ ၁၅၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ဆက်လက်၍လည်း အသေးစိတ်တိုင်းတာတွက်ချက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အဓိက ဆည်တမံများအားလုံးတွင်လည်း သက်ဆိုင်ရာ ဆည်မြောင်းပညာရှင် အင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး စစ်ဆေးချက်အရ ထိခိုက်မှုမရှိကြောင်းနှင့် အသေးစိတ်ထပ်မံစစ်ဆေးလျက်ရှိကြောင်း၊ ထူးခြားမှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းများ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်၍ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြရန် မလိုအပ်ကြောင်း သိရသည်။

သတင်းစဉ်





# ငလျင်ဒဏ်ကြောင့် မိတ္ထီလာမြို့၌ ဘုရားစေတီနှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပွား

မိတ္ထီလာ မတ် ၂၈

မိတ္ထီလာမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံများ၊ လူနေအိမ်အဆောက်အအုံများနှင့် စာသင်ကျောင်းအုတ်တံတိုင်းများ ပျက်စီးမှုများဖြစ်ပွားခဲ့ပြီး မြို့မရပ်ကွက်ရှိ သမိုင်းဝင်ရွှေဘုံသာစေတီတော်မုခ်ဦးရှိ နှစ်ပေါင်း ၉၀ ကျော်သက်တမ်းရှိ ခြင်္သေ့ရုပ်တုကြီး နှစ်ခုအနက် တစ်ခုမှာ ပြိုကျပျက်စီးခဲ့သည်။ မိတ္ထီလာကန်အရှေ့ဘက်ထိပ်ရှိ ရန်ကုန်-မန္တလေး ကားလမ်းမသည် ငလျင်ဒဏ်ကြောင့် မြေကျွံပြိုကျအက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



# ပေါက်ခေါင်းမြို့နယ်၌ ငလျင်လှုပ်ခတ်မှုကြောင့် ရုံး၊ ဌာနအဆောက်အအုံများ ပျက်စီး

ပေါက်ခေါင်း မတ် ၂၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်က ငလျင်လှုပ်ခတ်သဖြင့် အစိုးရရုံးဌာန အဆောက်အအုံအုတ်နံရံများ အက်ကွဲပျက်စီးခြင်းနှင့် ရုံးအုတ်တံတိုင်းများ ပြိုကျပျက်ဆီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် လူများထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးမှုဖြစ်ပွားရာနေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

# တောင်ငူမြို့၌ မြေငလျင်ကြောင့် အဆောက်အအုံများ ပျက်စီးခြင်းနှင့် လူထိခိုက် သေဆုံးမှုများရှိ

တောင်ငူ မတ် ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီး တောင်ငူမြို့နယ်အတွင်းရှိလူနေရပ်ကွက်များနှင့် ကျေးရွာများတွင် ဘာသာရေးအဆောက်အအုံများ၊ ဌာနပိုင်ရုံးအဆောက်အအုံများ၊ လူနေအိမ်များ ပျက်စီးခြင်းနှင့် လူထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

တောင်ငူမြို့၌ မြေငလျင်လှုပ်ခတ်မှုကြောင့် ရပ်ကွက်ကျေးရွာအုပ်စု ၂၄ ခုတွင် ညနေ ၄ နာရီခွဲအထိ ဘာသာရေးအဆောက်အအုံ ၁၇ ခု၊ ဌာနပိုင်အဆောက်အအုံ၊ လမ်း၊ တံတား ၁၉ ခု၊ လူနေအိမ် ၁၅ လုံး၊ ထိခိုက်သူ ၄၅ ဦးနှင့် သေဆုံးသူ ၁၁ ဦးရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဇော်ကိုကို(တောင်ငူ)



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာခြင်း

နေပြည်တော် မတ် ၂၈

ယနေ့ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့်ကွာဝေးသော မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ဝ၉ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒသမ ၂၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန် ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားခဲ့ပြီး နောက်ဆက်တွဲ ငလျင်ငယ်သုံးခုခန့် လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

အဆိုပါပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်သည့်နေရာများကို အရေးပေါ်အခြေအနေအဖြစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကြေညာလိုက်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား အလျင်အမြန် စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ဆောလျင်စွာဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ လိုအပ်သည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အချိန်မီရရှိလာသောသတင်းများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက အချိန်နှင့်တစ်ပြေးညီ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ကောလာဟလများအပေါ် သတိထားဆင်ခြင်နိုင်ပါရန်နှင့် သဘာဝ ဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အရေးပေါ်သွေးလိုအပ်မှု အခြေအနေနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

နေပြည်တော် မတ် ၂၈

ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရသည်။

ထိုသို့ ငလျင်ဒဏ်သင့်ခဲ့ရသည့်အတွက် ပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ပြည်သူ့ဆေးရုံများတွင် အများအပြား တက်ရောက်ဆေးကုသမှုခံယူရလျက်ရှိကာ အရေးပေါ်သွေးလိုအပ်မှုများရှိနေသဖြင့် သွေးအလှူရှင်များအနေဖြင့် ဆေးရုံများသို့ အမြန်ဆုံးဆက်သွယ်၍ သွားရောက်လှူဒါန်းပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ







မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ငလျင်ဖြစ်ပွားပြီး အခြေအနေကို တွေ့မြင်ရစဉ်။ (မန္တလေးနေ့စဉ်-ဖ)

## တောင်ကိုရီးယားနိုင်ငံ၌ တောမီးလောင်မှုကြောင့် သေဆုံးသူ ၂၄ ဦးရှိလာ

ဆိုးလ် မတ် ၂၈

တောင်ကိုရီးယားနိုင်ငံ တောမီးလောင်ကျွမ်းမှုတွင် ပြီးခဲ့သည့် သီတင်းပတ်မှစပြီး လက်ရှိအချိန်အထိ မီးသတ်သမားများအပါအဝင် ၂၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ငံအရှေ့တောင်ပိုင်းဒေသများ၌ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးများ ဆက်လက်လောင်ကျွမ်းလျက်ရှိသည်။

လမ်းမများပေါ်တွင် လူအချို့လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်း ဒေသခံမီဒီယာများက သတင်းဖော်ပြသည်။

ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ကြိုးပမ်းလျက်ရှိစဉ် သေဆုံးသူအရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း မီးသတ်သမားတစ်ဦးက ပြောကြားသည်။

မတ် ၂၆ ရက်တွင် ဂျောင်ဆန်ပြည်နယ်မြောက်ပိုင်း၌ တောမီးငြိမ်းသတ်လျက်ရှိသည့် မီးသတ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ပြီး လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျောင်ဆန်ပြည်နယ်တောင်ပိုင်း၌ တောမီးငြိမ်းသတ်လျက်ရှိသည့် မီးသတ်သမားလေးဦး သေဆုံးခဲ့သည်။

တောမီးငြိမ်းသတ်ရာတွင် ရာသီဥတုဆိုးရွားမှုကြောင့် တောမီးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးသည့်အတွက် မီးဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သည့် အရေအတွက် တိုးလာကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်





## လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးတပ်မတော်က တိုက်ခိုက်မှုများ ဆောင်ရွက်ခြင်းကို ရှုတ်ချဟု ဟစ်ဇ်ဘိုလာအဖွဲ့ပြောကြား

ဘေရွတ် မတ် ၂၈

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးတပ်မတော်က တိုက်ခိုက်မှုများထပ်မံဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ ရှုတ်ချကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့ အတွင်းရေးမှူးချုပ် ရှိတ်နန်ကွာဆန်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံတွင် အစ္စရေးတပ်ဖွဲ့များ ထပ်မံတိုက်ခိုက်ခြင်းမပြုနိုင်ရန်အတွက် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် လက်ဘနွန်နိုင်ငံသားများ ပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရန်နှင့် အစ္စရေးတပ်ဖွဲ့များ လက်ဘနွန်နိုင်ငံမှ ဆုတ်ခွာရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် လက်ဘနွန်နှင့် အစ္စရေးအကြား အပစ်အခတ်ရပ်စဲရေးနှင့် လက်ဘနွန်နိုင်ငံ၏ အခြေခံ ရပိုင်ခွင့်များရရှိရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ပေးရန် ၎င်းက ပန်ကြားခဲ့သည်။

အစ္စရေး၏ လက်ဘနွန်နိုင်ငံအား တိုက်ခိုက်မှုကို ဆန့်ကျင်ကြောင်းနှင့် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာခိုင်မြဲရေးအတွက် ဟစ်ဇ်ဘိုလာအဖွဲ့က တိုက်ခိုက်မည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**မင်းဘူး မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲတော်ကြီး အစဉ်အလာမပျက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ရက် မွန်းလွဲပိုင်းက မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းဘူးမြို့ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၏ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူးမြို့၌ ၁၃၈၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ဇဟိုမဏ္ဍပ်ကို မင်းဘူးဦးသြဘာသ မြို့နယ်ခန်းမရှေ့ရှိ ကွင်းပြင်၌ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ဇဟိုမဏ္ဍပ်တွင် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ယိမ်းပြိုင်ပွဲများအပြင် ဧည့်ခံဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ တစ်ပင်တိုင်သင်္ကြန်အကများ၊ ခေတ်ပေါ်တေးဂီတများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပစဉ်ကာလ မင်းဘူးမြို့ ဇဟိုမဏ္ဍပ်၌ အေးချမ်းပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲကြသူများကို သင်္ကြန်စတုဒိသာများဖြင့် နေ့စဉ်ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၅၀၀)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ပွင့်ဖြူ မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလှေကျေးရွာအုပ်စု၊ ဂါတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို မတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါအချက်အလက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

အဆိုပါ ဂါတ်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းအရောင်းအဝယ်လုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် လည်ပတ်ခဲ့ရာ ယခုအခါတွင် စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၁၅ သန်းအထိ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အပေါ်ပုံ)(၄၄၅)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**အမရပူရ မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဟာအောင်မြေခန်းမတွင် မန္တလေးတိုင်းဒေသကြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးခွဲမှ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်း ဆရာ၊ ဆရာမများအား အဂတိတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဦးထွန်းလင်းက အဂတိလိုက်စားမှုသဘောသဘာဝ၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အယူအဆများ၊ ဆရာကိုင်စာအုပ်နှင့် ရည်ညွှန်းစာစောင်များပါ သင်ခန်းစာများ ခေါင်းစဉ်ကြီးသုံးခုဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းခဲ့ပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများအတွက် ပြုစုထားသော ဆရာကိုင်သင်ခန်းစာ စာအုပ်နှင့် CD ချပ်များကို ခရိုင်ပညာရေးမှူး ဒေါ်ထုရွှမ်ထံ ပေးအပ်သည်။

ယနေ့ကျင်းပသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောခဲ့မှုအပေါ် ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဟောပြောပွဲသို့ အလယ်တန်းနှင့် အထက်တန်း ဆရာ၊ ဆရာမ ၂၉၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(၀၈၄)**

* – * – * – * – *

* – * – * – * – * – *



## အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲသင်တန်း ကျင်းပ

**အောင်လံ မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အခြေခံပညာ (မူလတန်း)အဆင့်ရှိ ဆရာ၊ ဆရာမများအား ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို မတ် ၂၅ ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အောင်လံမြို့နယ်တွင် အခြေခံပညာ(မူလတန်း)အဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ ကျင်းပရခြင်း အဓိကရည်ရွယ်ချက်မှာ အောင်လံမြို့နယ်အတွင်း(မူလတန်း) အဆင့်ရှိ ဆရာ၊ ဆရာမများအနေဖြင့် ဘာသာရပ်အလိုက် သင်ကြားမှုစွမ်းရည်နှင့် သင်ကြားမှုနည်းစနစ်များကို ပိုမိုသိရှိကျွမ်းကျင်လာစေရန်၊ သင်ကြားမှုလုပ်ငန်းများ စစ်ဆေးအကဲဖြတ်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်း ဖြစ်သည်။

အောင်လံမြို့နယ်၌အခြေခံပညာ(မူလတန်း)အဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲတွင် မှူး၊ ဒုမှူး၊ လက်ထောက်မှူး စုစုပေါင်း ၉၀၄ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှစ်ကျောင်းမှ သုံးဦး၊ သင်တန်းသား မှူးအုပ် ၅၆ဦး၊ နည်းပြ ၆၄ ဦး၊ တက်ရောက်လျက်ရှိသည်။ အဆိုပါ ဆွေးနွေးပွဲကို မတ် ၂၄ရက်မှ ၂၈ရက်အထိ ဘာသာရပ်အလိုက် တတ်ကျွမ်းသောနည်းပြ ဆရာ၊ ဆရာမများက ဆွေးနွေးပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

* – * – * – * – *

* – * – * – * – * – *

## အရည်အသွေးပြည့်မီသော မြေဩဇာများသုံးစွဲနိုင်စေရန် မြေဩဇာမှတ်ပုံတင်များ ထုတ်ပေးနိုင်ရေးဆောင်ရွက်နေ

**အမရပူရ မတ် ၂၇**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် စားရေရိက္ခာ ဖူလုံစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီသော မြေဩဇာများ သုံးစွဲနိုင်ကြစေရန်နှင့် မြေဩဇာထုတ်လုပ်ခွင့်၊ တင်သွင်းခွင့်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းများကို မြေဩဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းကျောင်းကြပ်မတ်လျက်ရှိသည့် မြေဩဇာကော်မတီအနေဖြင့် မြေဩဇာဆိုင်ရာနည်းပညာအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် မြေဩဇာမှတ်ပုံတင်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ စိစစ်ထုတ်ပေးရာတွင် (၄၃)ကြိမ်မြောက် မြေဩဇာကော်မတီအစည်းအဝေးအထိ မြေဩဇာမှတ်ပုံတင် ၁၂၂၉၇ စောင် ခွင့်ပြုပေးနိုင်ခဲ့ပြီး ကာယကံရှင်၏တင်ပြချက်အရ ပယ်ဖျက်မှု ၂၀၈၈ စောင်နှင့် သက်တမ်းကျော်လွန်သည့် ဖျက်သိမ်းခဲ့သော မြေဩဇာမှတ်ပုံတင် ၂၈၆၇ စောင်ရှိသဖြင့် ယနေ့အထိ နိုင်ငံတစ်ဝန်း၌ အသက်ဝင်လုပ်ကိုင်လျက်ရှိသည့် မြေဩဇာမှတ်ပုံတင် ၇၃၄၂ စောင်ရှိသည်။

မြေဩဇာများကို ရာသီချိန်အမီ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်မှုရှိစေရန် တိုင်းဒေသကြီး ပြည်နယ်စစ်ဆေးရေးအဖွဲ့များ၏ ပုံမှန်စစ်ဆေးခြင်းလုပ်ငန်းအပြင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် မြေဩဇာများကို နမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းများအတွက် ဖြန့်ဖြူးသော မြေဩဇာများကို ကြိုတင်ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**(အောက်ပုံ)**



အလားတူသီးနှံများ အတွက် နှုန်းကောင်းမွန်စေရေး ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်ရေးနှင့် မြေဆီလွှာကျန်းမာရေးကောင်းမွန်စေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်မှုရှိသည့် စိုက်ပျိုးမြေဧရိယာများတွင် သွင်းအားစုဖြင့် အချိန်မီ ပြန်လည်ကုစားရေးလုပ်ငန်းများဖြစ်သည့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ တွဲဖက်အသုံးပြုခြင်းအပြင် မြေနမူနာဓာတ်ခွဲစစ်ဆေးချက်အပေါ်မူတည်၍ သီးနှံအလိုက် ထည့်သွင်းရမည့် မြေဩဇာထောက်ခံနှုန်းထားများ ပေးခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းရေးအတွက် တောင်သူနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးပညာရှင်ကွင်းဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ပြည်သူ့စာကြည့်တိုက်တွင် "My favourite person" ခေါင်းစဉ်ဖြင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



**တောင်တွင်းကြီး မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက် Community Centre တွင် မတ် ၂၆ရက် နံနက် ၈နာရီခွဲက အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အင်္ဂလိပ်စာ 4 Skills သင်တန်းသို့ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၉ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး "My Favourite Person" ခေါင်းစဉ်ဖြင့် ကျောင်းသားတစ်ဦးချင်း အလိုက် မိမိစိတ်ကြိုက်ရေးသားရခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းပညာရေးတွင် အထောက်အကူဖြစ်စေရန်၊ စာကြည့်တိုက်များသို့ ဝင်၊ ထွက်သွားလာတတ်ကြသည့် အလေ့အထဖြစ်စေရန်၊ စာကြည့်တိုက်များနှင့် ရင်းနှီးစေရန် အတွက် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် အင်္ဂလိပ်စာ 4 Skills သင်တန်းကို ပညာဒါနအဖြစ် မတ် ၃ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မတ် ၂၈ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်ပေးခြင်းဖြစ်ကာ အပတ်စဉ် တနင်္လာမှ သောကြာအထိ နံနက် ၈နာရီမှ ၉နာရီအထိ သင်ကြားပို့ချပေးလျက်ရှိသည်။ (ဝဲပုံ)

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်ရှည်ကာလတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးနှင့် ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြိုင်ပွဲများ ပုံမှန်ဆောင်ရွက်ပေးခြင်းနှင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **နောင်နောင်(မိဿနိုးမြေ)**



## ကောက်စိုက်စက်ဖြင့် နွေစပါးများ စိုက်ပျိုးခြင်းကွင်းသရုပ်ပြသ

**နတ်မောက် မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် နွေစပါးများ စိုက်ပျိုးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက နတ်မောက်မြို့နယ်၊ စာရံအိုင့်ကျေးရွာတွင် စပါးစိုက်တောင်သူများဖြင့် စုပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက လယ်ယာလုပ်သားရှားပါးမှုအခြေအနေများကို ကျော်လွှားနိုင်ရန်၊ သမားရိုးကျစိုက်ပျိုးထုတ်လုပ်ခြင်းထက် လယ်ယာသုံးစက်ကိရိယာများဖြင့် တွင်တွင်ကျယ်ကျယ် အစားထိုးအသုံးပြုကြရန် လိုအပ်ကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပါက ကောက်စိုက်သမလုပ်အားခနှုန်း သက်သာစေမည်ဖြစ်ကြောင်း၊ ကျောက်တံခါးဆည်ရေသောက် ဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေးစီမံဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကူဘိုတာခြောက်တန်းသွား နွေစပါးကောက်စိုက်စက်ဖြင့် တောင်သူများအား လက်တွေ့စိုက်ပျိုးပြသခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ နွေစပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၄၆၅)



## ဆောင်းကြက်သွန်နီ ဖြိုင်ဖြိုင်ပေါ်၍ မိတ္ထီလာဈေးကွက်အတွင်း တစ်ရက် ပိဿာ နှစ်သိန်းကျော် ဝင်ရောက်လျက်ရှိ

**မိတ္ထီလာ မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ဈေးကွက်အတွင်း လယ်ယာထွက်ကုန်သီးနှံများ ဝင်ရောက်မှု အခြေအနေများအား စောင့်ကြည့်လျက်ရှိရာ မိတ္ထီလာဈေးကွက်အတွင်း ဆောင်းကြက်သွန်နီ တစ်ရက်လျှင် ပိဿာနှစ်သိန်းကျော် ဝင်ရောက်လျက်ရှိပြီး အခြားဒေသသို့ နေ့စဉ် တင်ပို့လျက်ရှိသည်။

မိတ္ထီလာမြို့နယ်တွင် ဆောင်းကြက်သွန်နီ ဖြိုင်ဖြိုင်ပေါ်ပြီဖြစ်၍ မိတ္ထီလာဈေးကွက်အတွင်း တောင်သူများအနေဖြင့် ထွက်ရှိလာသည့် ကြက်သွန်နီများအား သိုလှောင်ထားခြင်းမရှိဘဲ ဈေးကွက်သို့ တင်ပို့ခြင်းကြောင့် ဈေးကွက်အဝင် များလာလျက်ရှိသည်။ ကြက်သွန်နီဝင်ရောက်မှုအနေဖြင့် ခရိုင်အတွင်း မြို့နယ်များဖြစ်သည့် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် ပျော်ဘွယ်မြို့နယ်များမှ ဝင်ရောက်လျက်ရှိပြီး တစ်ရက်လျှင် မိတ္ထီလာဈေးကွက်အတွင်း ဆောင်းကြက်သွန်နီ အဝင်ပိဿာချိန် ၂၀၀၀၀၀ မှ ၃၀၀၀၀၀ အထိ ဝင်ရောက်လျက်ရှိသည်။ အဆိုပါ ဆောင်းကြက်သွန်နီများအား မိတ္ထီလာဈေးကွက်မှ အခြားဒေသများသို့ တင်ပို့မှုအနေဖြင့် ရန်ကုန်၊ ပဲခူး၊ တာချီလိတ်မြို့များသို့ ပုံမှန်တင်ပို့မှုရှိပြီး မော်လမြိုင်မြို့သို့ အနည်းငယ် တင်ပို့မှုရှိသည်။

မိတ္ထီလာဈေးကွက်အတွင်း မတ်လ၊ တတိယပတ်တွင် ကြက်သွန်နီဈေးနှုန်းအနေဖြင့် ကြက်သွန်နီ(ဥနီ)လက်ကား တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ မှ ၁၄၀၀ ဈေးရှိပြီး ကြက်သွန်နီ လက်လီဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)(၄၆၉)

## ဒေသတွင်း စားသုံးဆီဖူလုံစေရေး နွေနှမ်း ၈၉၇ ဧက စိုက်ပျိုးပြီးစီး

**ငဖဲ မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်တွင် မန်းချောင်းရေလှောင်တမံဆည်၊ ရင်းရှည် ရေလှောင်တမံဆည်နှင့် ဆည်ငယ်၊ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နွေနှမ်း ၉၄၂ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ၈၉၇ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

၂၀၂၅ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အစိုးရဆည်ရေ၊ ဆည်ငယ်၊ကန်ငယ်ရေတို့ဖြင့် နွေနှမ်းစိုက်ပျိုးမည့် လယ်ယာမြေများသို့ စိုက်ပျိုးရေများ စနစ်တကျ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်ပျိုးပြီးစီးသည့် နှမ်းမျိုးများမှာ စမုန်နက် ၂၆၃ ဧက၊ ဆင်းရတနာ-၁၂၉၅ဧကနှင့် သိပ္ပံနှမ်းနက် ၅၃၉ ဧက စုစုပေါင်း ၈၉၇ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ယခင်နှစ်က နွေနှမ်းသီးနှံကို ၆၉၉ဧက စိုက်ပျိုးနိုင်ခဲ့ရာ တစ်ဧကအထွက်နှုန်း ၈ ဒသမ ၅၃ တင်းခန့် ထွက်ရှိသည်။

ငဖဲမြို့နယ်တွင် နွေသီးနှံများ စိုက်ပျိုးရာသီ၌ စပါးနှင့်နှမ်းကို အဓိကထား စိုက်ပျိုးကြပြီး ဒေသတွင်းစားသုံးဆီဖူလုံစေရေး နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

* – * – * – * – *

* – * – * – * – * – *

## ညှော်မထစပါးတင်းရေ သိန်း ၁၅၀ ကို ဧပြီနှင့် မေလများတွင် ဝယ်ယူပေးမည်

လတ်တလောအခြေအနေများအရ နိုင်ငံတကာဝယ်လိုအား ကျဆင်းနေခြင်း၊ ပြည်တွင်းဝယ်လိုအားများ ကျဆင်းနေခြင်းတို့ဖြစ်ပေါ်နေပြီး ပြည်တွင်းဆန်စပါးဈေးကွက်အတွင်း၌ ညှော်မထနွေစပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် ဈေးနှုန်းကျဆင်းခြင်းနှင့် ရောင်းချရန် ခက်ခဲနေခြင်းတို့ကြောင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေခြင်းတို့အပေါ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ညှော်မထစပါးတင်းရေ သိန်းပေါင်း ၁၅၀ ဝယ်ယူနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၂၂ ရက်က သတင်းထုတ်ပြန်ထားသည်။

၎င်းကို မတ် ၂၂ ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)၌ ကျင်းပသော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအပြီးတွင် သတင်းထုတ်ပြန်ထားခြင်း ဖြစ်သည်။

"နွေစပါးပေါ်ချိန် ညှော်မထ အထူးညှော်မထအုပ်စု စပါးများ ဈေးကျဆင်းပြီး တင်း ၁၀၀ လျှင် ငွေကျပ် ၁၃သိန်းနှင့် ၁၄သိန်း ဝန်းကျင်ဖြစ်နေ၍ ညှော်မထစပါးများ ဝယ်ယူရေးကို ဦးစားပေးခြင်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က MRF သတင်းပြန်ကြားရေးမှတစ်ဆင့် ဖြေကြားပေးလျက်ရှိသည်။

စပါးတင်း တစ်သိန်းလျှင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံခန့် တန်ဖိုးရှိ၍ စပါးတင်းသိန်း ၁၅၀ သည် ငွေကျပ် ဘီလီယံ ၁၄၀ခန့် ရှိသည်ဟု ၎င်းက ဆိုသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပို့ကုန်ကုမ္ပဏီများ၊ အသင်းဝင်ဆန်စက်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ စပါးတင်း သိန်း၁၅၀နှင့် ညှော်မထဆန်အိတ်လေးသိန်း ဝယ်ယူရေးကို ၂၀၂၅ ခုနှစ် ဧပြီလနှင့် မေလတို့တွင် ဆောင်ရွက်သွားမည်ဟုလည်း သတင်းထုတ်ပြန်ထားသည်။ စပါး၊ ဆန်ရောင်းချရန် အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံးဖုန်း ၀၁-၂၃၀၁၁၂၈၊၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆၊ ၀၁-၂၁၈၂၆၇၊ ၀၁-၂၁၈၂၆၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

# တေးချစ်သူ ပြောသော အတာကူးသည့် လတန်ခူး မန်းသင်္ကြန်



မကြာမီ နှစ်သစ်ကူးပြောင်းသည့် အတာကူးသည့် လတန်ခူး၏ သင်္ကြန်ပွဲတော်ရောက်ရှိရန် ရက်ပိုင်းသာ လိုတော့သည်။ သင်္ကြန်ပွဲတော်ဆိုလျှင် မန္တလေးသင်္ကြန်သည် သင်္ကြန်ယိမ်းအကများ၊ ရေသဘင်ကား(အလှပြယာဉ်)များ၊ အမြင်မတော်သမျှ သရော်ကြသည့် သံချပ်ကားများ၊ ရေကစားမဏ္ဍပ်များ လမ်းနဘေးက ရေပတ်ကြသူများ ရေပက်ခံကားများနှင့် သင်္ကြန်လမ်းပေါ်တွင် သင်္ကြန်ပျော်သူများနှင့် ပြည့်နှက်နေလေသည်။ ကျုံးရေပြင်ကြီးက ရေကစားသူတို့အား လိုသလောက်ရေကို နှစ်စဉ်ထောက်ပံ့အပေးနေမြဲဖြစ်သည်။

သင်္ကြန်သီချင်းများကို ကြည့်လျှင် မန္တလေးမှ တေးရေး၊တေးပြု ဂီတပညာရှင်များ၏ သီဖွဲ့ထားသည်က များသည်။ မန္တလေးသင်္ကြန်သီချင်းများက သင်္ကြန်ခေတ်အဆက်ဆက် ရှင်သန်လျက်ရှိသည်မှာ သံစဉ်နှင့်စားသားတို့က နှလှသည်၊ မြူးကြွသည်၊ သင်္ကြန်သရုပ်ကို ပေါ်လွင်သည်ဖြစ်၍ ယနေ့တိုင် မရိုးနိုင်သေးသကဲ့သို့ လာမည့် အနာဂတ်သင်္ကြန်များတွင်လည်း စိုးမိုးနေပါဦးမည်။

ရှေးက မန္တလေးသင်္ကြန်ပုံရိပ်များနှင့် ပတ်သက်၍ မန္တလေးမြို့မှ ဂီတပညာရှင်၊ ဆရာ ဦးခင်မောင်သန်း(တေးချစ်သူ)နှင့် စားမြုံ့ပြန်ခဲ့ကြသည်။ သူသည် မန္တလေးမြို့၊ စိန့်ပီတာကျောင်းသားဟောင်းလည်းဖြစ်၊ ရှေးပညာရေးစနစ်အရ Pure Science ဘွဲ့ရတစ်ဦးလည်းဖြစ်သည်။ ဂီတတွင် ဝါသနာကြီး၊ ဖွဲ့ကြီးသဖြင့် လေမှုတ်တူရိယာများအပြင် ခေတ်ပေါ်ဂစ်တာများကိုပါ တီးခတ်နိုင်သူဖြစ်သည်။ သူသည် ဂီတပညာရှင် ဆရာဦးဘသိန်း၏ သင်္ဂဟ အပျော်တမ်းတီးဝိုင်းတွင် ၁၉၅၈ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ တီးမှုတ်ခဲ့ပြီး ဂီတမှူးလည်း ဖြစ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ‘တေးချစ်သူ’ ဂီတဝိုင်းကို တည်ထောင်ခဲ့ရာမှ တေးချစ်သူ (ဦး)ဦးခင်မောင်သန်း ဖြစ် လာခဲ့သည်။

ဂီတရေစီးကြောင်းတွင် မျောပါလိုက်စားရင်း တေးချစ်သူ တီးဝိုင်းတည်ထောင်ချိန်အထိ သီချင်းအပုဒ်ပေါင်း ၄၀ ကျော် ရေးသားခဲ့သည်။ မိန်းကလေးတစ်ယောက်၏ အလှကို ဖွဲ့ဆိုသည့် ‘အလှဘုရင်’သီချင်းမှာ ပထမဆုံး ရေးစပ်သောသီချင်းဖြစ်သည်။ သင်္ကြန်သီချင်း မဟုတ်သော်လည်း ထိုခေတ်က နာမည်ကြီးသော နဂါးမယ် သင်္ကြန်အကမဏ္ဍပ်တွင် စတင်ဖျော်ဖြေခဲ့ရာ မန္တလေးသားတို့ ပါးစပ်ဖျားဝယ် ရေပန်းစားခဲ့သည်။ တေးချစ်သူ (ဦး)ခင်မောင်သန်း၏ ဂီတနှင့် ဘဝမှတ်တိုင်တွင် ယနေ့တိုင် နားဆင်သူ၏ နှလုံးသားကို ဖမ်းစားနိုင်ပြီး မဆိုဖူးသော အဆိုတော်ဟူ၍ မရှိလောက်အောင် သီဆိုဖျော် ဖြေကြသည့် ‘ရွှင်လန်းချမ်းမြေ့ပါစေ’ သီချင်းဖြစ်သည်။ ယနေ့ဆိုလျှင် နှစ်ပေါင်း ၅၀ ကျော်လာပြီး ကျော်ကြားထင်ရှားသော သီချင်းဖြစ်သည်။

### ဂီတဝါသနာ

သူသည် စိန့်ပီတာကျောင်းသားဟောင်း ဖြစ်ပြီး သူငယ်ချင်းများကလည်း ဂီတဝါသနာ ပါကြသည်ဟု ဆိုပါသည်။ ငယ်စဉ်ကတည်းက ဂီတဝါသနာကြီးခဲ့သူဖြစ်သည့်အလျောက် အိပ်ရာနိုး၍ အိမ်ပေါ်ထပ်မှ ဆင်းလာလျှင် သီချင်းဆို၍ ဆင်းလေ့ရှိသည်။ ပျော်ပျော်နေတတ်သူဆိုပြီး သူ့မိသားစုက နှစ်သက်ကြသည်။

‘ငယ်ငယ်ကတည်းက ဝါသနာ။ အဲ့ဒီတုန်းက ရေဒီယိုခေတ်။ အဓိကတော့ ဦးအံ့ကြီးဆိုတဲ့ မန္တလေးသီချင်းတွေကို နားထောင်ပြီး စာရွက်ပေါ်ရေးတယ်။ ဆိုတယ်။ နောက်ပြီး မြို့မငြိမ်းသီချင်းတွေ၊ ဦးဘသိန်း သီချင်းတွေ နားထောင်ခဲ့တယ်။ မနက်လင်း အိပ်ရာထလို့ အိမ်ပေါ်ကဆင်းလာရင် သီချင်းဆိုပြီး ဆင်းလာတာကို အမေက ပျော်ပျော်နေတတ်လို့ဆိုပြီး သဘော ကျတယ်။ ၃၂ လမ်း၊ ၈၄လမ်းနှင့် ၈၅ လမ်းမှာ မျက်နှာချင်းဆိုင်က စိန့်ပီတာကျောင်းထွက် (ဦး)ကိုကို လေး(ရုပ်ရှင်ဒါရိုက်တာ)နဲ့ သူငယ်ချင်းတွေ။ သူက ပုလွေမှုတ်တာ သိပ်ကောင်းတယ်။ သူက ရုပ်ရှင် ဒါရိုက်တာ(ဦး)ဝင်းဖေနဲ့ သူငယ်ချင်း။ သူလည်း ပုလွေကောင်းတယ်။ သူတို့ဆီမှာ ပုလွေမှုတ်သင်တယ်။ အဲဒါပြီးတော့ ဝါးတန်းမှာ အိမ်က လက်ဖက်စို၊ လက်ဖက်ခြောက်ပွဲရုံဖွင့်တော့ ဘင်ဂျိုအတီးကောင်းတဲ့ ကိုအေး(ကျောက်တိုင် လက်ဖက်ခြောက်)နဲ့ ဟိုဘက်ဒီဘက်မှာနေကြတော့ ဘင်ဂျိုတီးသင်တယ်။ အဲဒီခေတ်က ပေါ်တဲ့ဟာတွေ လိုက်သင်တာပဲ။ ၁၉၅၈ မှာ ဦးဘသိန်းရဲ့ သင်္ဂဟထဲမှာ ဝင်ပြီး လေမှုတ် တူရိယာသင်တယ်။ အစပိုင်းမှာ ကလဲနက်မှုတ် သင်ရပြီး နောက်ပိုင်းမှ ဆိုက်ဆို ဖုန်းပြောင်းရတယ်။ သင်္ဂဟထဲမှာကတည်းက သီချင်းတွေရေးခဲ့တယ်’ဟု ရှင်းပြပါသည်။




သင်္ဂဟတီးဝိုင်းခေါင်းဆောင် ဆရာဦးဘသိန်းသည် မန္တလေးရုပ်ရှင်၏‘ရေမြေဆုံးတိုင်’ဇာတ်ကားတွင် ဂီတမှူးဖြစ်သည်။ နောက်ခံတီးလုံးကို သင်္ဂဟအဖွဲ့နှင့် တီးလုံးတိုက်ကြပြီးနောက် ယနေ့ကဲ့သို့ အသံလုံခန်းများမရှိသဖြင့် ညပိုင်းတွင် အသံသွင်းရန် မန္တလေးခြံသို့ ညပိုင်းသွားရမည် ဖြစ်သည်။ ညပိုင်းဖြစ်၍ အိမ်ကို ခွင့်တောင်းတော့မှ သင်္ဂဟတီးဝိုင်းတွင် တီးမှုတ်နေသည်ကို မိဘများက သိကြသည်။ ညအသံသွင်းသွားရန် ခွင့်မပြုလိုသော်လည်း ဝါသနာကြီးသူအတွက် ခွင့်ပြုပေးလိုက်သည်ဟု တေးချစ်သူက ပြောသည်။

### အပျော်တီးဝိုင်းများမှ တစ်ဆင့်

မန္တလေးသင်္ကြန် (သို့မဟုတ်) မန်းသင်္ကြန်၏ အတိတ်ကနှလန်ကာဖွင့်လျှင် ယနေ့အထိ မရိုးနိုင်သော သင်္ကြန်တေးသီချင်းများ ရေးစပ်တီးမှုတ်ခဲ့ကြသည့် တီးဝိုင်းများသည် ဝါသနာရှင်များနှင့် ဖွဲ့စည်းခဲ့သည်။ ငွေကြေးမလို။ ဆိုရ၊ တီးရလျှင် ပျော်နေကြသည့် အပျော်တမ်းတီးဝိုင်းများအဖြစ် ရပ်တည်ခဲ့ကြသည်။ ထိုမှ အခကြေးငွေရယူပြီး အလှူမင်္ဂလာဆောင်များတွင် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

‘အရင်က မန္တလေးမှာ မြို့မတို့၊ သင်္ဂဟတို့က မင်္ဂလာဆောင်၊ အလှူမှာ ငွေကြေးနဲ့ ပွဲငှားတီးဖို့ ဝိုင်းထောင်တာ မဟုတ်ဘူး။ အပျော်တီးကြတာ။အရပ်ထဲမှာ ညပိုင်းစုဖွဲ့ပြီး တီးကြ၊ ဆိုကြရင်း ရပ်ကွက်ထဲက အာရုံတို့ အလှူခံအဖွဲ့တို့မှာ လိုက်တီးပေးကြတယ်။ အဲဒါကို ကြိုက်တဲ့သူတွေက မင်္ဂလာဆောင် တီးပေးပါဦး၊ အလှူမှာ တီးပေးပါဦးဆိုတော့ အပျော်လိုက်တီးပြီး အခကြေးငွေမပါဘဲ ကူညီခဲ့ကြတာ’ဟု တေးချစ်သူ (ဦး)ခင်မောင်သန်းက ပြောသည်။

လမ်းလျှောက်တီးဝိုင်းမှ အထိုင်တီးဝိုင်းအဖြစ် အလှူမင်္ဂလာဆောင်များတွင် လိုက်ပါတီးမှုတ်ခဲ့ကြရာမှ အဖွဲ့ရန်ပုံငွေအဖြစ် ငွေကြေးဖြင့် အငှားလိုက်ခဲ့ကြသည်။ အဖွဲ့သားတီးမှုတ်သူများက အငှားလိုက်၍ရသော အခကြေးငွေကို ခွဲဝေရယူခြင်းမပြုဘဲ သင်္ကြန်တွင် ရေသဘင်ကား(သင်္ကြန်ကား)နှင့် လှည့်ပတ်ရန် စုကြသည်။ အခကြေးငွေအဖြစ် ဗုံတီးသူနှင့် အုတ်စုံတီးသူ နှစ်ဦးသာပေးရသည်။ ကျန်သည့်ငွေသည် သင်္ကြန်စုငွေဖြစ်လေသည်။

‘တစ်ပွဲကို ၄၀၀ လောက်နဲ့ အငှားလိုက်တယ်။ ဝိုင်းထဲမှာ တီးကြ၊ မှုတ်ကြ၊ ဆိုကြသူတွေက အခကြေးငွေမယူဘဲ စုထားပြီး သင်္ကြန်မှာ တီးမှုတ်လှည့်ပတ်ကြတာ။ ကားတွေကို သင်္ကြန်ကား အလှဆင်ရတယ်၊ မီးလုံးတွေဆင်ရတဲ့ ငွေကြေးကုန်ကျမှုရှိတယ်။ အဲဒီတုန်းက မြို့မရော၊ သင်္ဂဟရော အဲဒီမူနဲ့သွားတာ။ တီးမယ့်နေရာကို နွားလှည်းတွေနဲ့ ပစ္စည်းတွေ သယ်သွားကြတယ်။ လှည်းသမားတွေကပဲ တီးဝိုင်းဆင်ပေးတယ်။ တီးဝိုင်းသမားတွေက အချိန်နီးမှသွားပြီး ကောက်တီးရုံပဲ။ သိမ်းတော့လည်း သူတို့ပဲ။ ကုန်ကျစရိတ်က တစ်ပွဲမှာ ငွေကျပ် ၃၀ လောက်ပဲရှိပြီး ပိုတာကို သင်္ကြန်အတွက် ငွေစုတယ်’ဟု ပြောပြသည်။

### မြိုင်ဘက် ဂီတဝိုင်းများ

သင်္ကြန်လည်ရာ၌ တစ်နှစ်လုံး အငှားလိုက်၍ စုဆောင်းထားသည့် ငွေနှင့် သုံးသည်။ ရေသဘင်ကားပေါ်မှ လိုက်ပါလည်ပတ်လိုသူများကို အခကြေးငွေဖြင့် လက်ခံပြီး ဝတ်စုံဆင်ပေးသည်။ရေသဘင်ကားနှင့် ရေကစားခွင့်ပြုသည်။ သင်္ကြန်မတိုင်မီနှစ်လခန့်ကတည်းက သီချင်းတိုက်ကြသည်။ ကိုယ့်တီးဝိုင်းအတွက် ကိုယ်တိုင်ရေးစပ် သီဆိုတီးမှုတ်ကြသည်။ သင်္ကြန်သည် ရေသဘင်ကား တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြိုင်ဆိုင်သော ပွဲဖြစ်သည်။ အဆိုအတီးပြိုင်သည်။ ယာဉ်အလှပြိုင်သည်။ အမှတ်ပေးသူသည် ပရိသတ်ဖြစ်ပြီး ပရိသတ်ရင်ဝယ် စွဲကျန်ခဲ့သော သင်္ကြန်သီချင်းနှင့် ရေသဘင်ကားက အနိုင်ရသည်ဟု ဆိုပါသည်။

‘အဲဒီအချိန်က မြို့မ၊ သင်္ဂဟ၊ သီဂီ၊ မိုးကေသီ၊ ဂီတလုလင်(ဂီတလုလင်)၊ နယဉ်၊ တေးချစ်သူအဖွဲ့တွေက အပြိုင်ပေါ့။ ကိုယ်ပိုင်သီချင်းနဲ့ ရေသဘင်ကားဆင်ပြီး တီးမှုတ်ဖျော်ဖြေတယ်။ ညပိုင်းဆိုရင် ရေမပက်ဘူး။ နေ့ပိုင်းဆိုရင် ရေပက်တော့ ရေမစိုအောင် တူရိယာအစုံမသုံးဘဲ တီးမှုတ်ကြတာ။ ညမှာ တူရိယာအစုံနဲ့ မြို့ထဲက သင်္ကြန်ယိမ်းမဏ္ဍပ်တွေဆီ သွားပြီး ဖျော်ဖြေတယ်။ ကားနဲ့ လှည့်တဲ့အခါ အပြင်က လိုက်တဲ့သူတွေက ကားဘေးမှာ ခြေထောက်တွဲလဲချပြီး ဝိုင်းကဆိုတာ၊ တီးတာကို လက်ခုပ်တီးပေးတယ်။ သူတို့က သင်္ကြန်ယိမ်းမဏ္ဍပ်မှာကတဲ့ မိန်းကလေးတွေနဲ့ အနီးဆုံးမှာရှိတော့ သူတို့နဲ့ သင်္ကြန်ဖူးစာပါသွားသူတွေလည်းရှိတယ်’ဟု တေးချစ်သူက ပြောသည်။

ထိုအချိန်က မန်းသင်္ကြန်ညများတွင် သင်္ကြန်ယိမ်းအကမဏ္ဍပ် စုစုပေါင်း ၄၀ ကျော်ခန့်ရှိရာ ရေသဘင်ကားနှင့် လှည့်လည်ဖျော်ဖြေရာ၌ တစ်ညတည်းနှင့် မဏ္ဍပ်အားလုံးသို့ မရောက်နိုင်၍ တောင်ပြင်၊ မြောက်ပြင်၊ အနောက်ပြင်၊ အရှေ့ပြင် စသည်ဖြင့် ရက်အလိုက် လမ်းကြောင်းခရီးဆွဲရသည်။ မှတ်မိသလောက် ယိမ်းအကမဏ္ဍပ်များမှာ နဂါးမယ်၊ ချစ် ပန်းနွယ်၊ ရွှေမန်းမေ၊ လှပျိုဖြူ(ဇဟိုမီးသတ်)၊ ပွဲထိုင်၊ ရေနန်းဗိမာန်၊ နဂါးမယ်၊ တိုင်းချစ်မေ၊ ငွေကြယ်လေးများ၊ ဟော်နန်းသူဇာ၊ ပတ္တမြားသူဇာ စသည်ဖြင့် များစွာနှင့် ဆိုင်းသံ၊ ဗုံသံများဖြင့် သင်္ကြန်ညများကို ပျော်ရွှင်စွာ ဖြတ်သန်းကြသည်။

### ရေသဘင်ကားများစုရပ်

ခန့်မှန်းခြေ ၁၉၇၅ လောက်ကထိ မန္တလေးတစ်မြို့လုံးတွင် သင်္ကြန်ယိမ်းအကမဏ္ဍပ်ပေါင်း ၄၀ ကျော်ခန့်ရှိပြီး သင်္ကြန်မတိုင်မီကတည်းက သီးချင်းရေးကြ၊ သီချင်းတိုက်ကြသည်။ အကယိမ်းမဏ္ဍပ်များအတွက် သီချင်းရေးပေးရသည်။ ညပိုင်းတွင် ယိမ်းအကမဏ္ဍပ်များသို့ တစ်ခုဝင် တစ်ခုထွက်နှင့် ရေသဘင်ကားများက ဖျော်ဖြေကြသည်။ ဖျော်ဖြေပြီးပါက အပြန်အလှန် နှုတ်ခွန်း ဆက်ကြသည်။ တေးချစ်သူ ရေသဘင်အဖွဲ့ကြီး ကျန်းမာပါစေဟူ၍ အကမဏ္ဍပ်က မေတ္တာပို့သည်။ ရေသဘင်ကားပေါ်ကလည်း နဂါးမယ်သင်္ကြန်အက အဖွဲ့များ ကျန်းမာပါစေဟုဆိုကာ ပြန်လည်နှုတ်ခွန်း ဆက်လေ့ရှိသည်မှာ မန်းသင်္ကြန်၏ ယဉ်ကျေးမှုဖြစ်သည်။

‘အကမဏ္ဍပ်တွေက သူတို့လိုချင်တဲ့ သီချင်းကို တေးရေးဆရာတွေကို ရေးခိုင်းတယ်။ ပြီးရင် သီချင်းတိုက်ပေးရတယ်။ သင်္ကြန်မဏ္ဍပ်တွေမှာ ရောက်ရင် ယိမ်းကတဲ့ အမျိုးသမီးတွေက တစ်လှည့်ကပြတယ်။ ရေသဘင်ကားပေါ်ကတစ်လှည့် တီးမှုတ်ဖျော်ဖြေကြတာက ကြည့်နူးစရာကောင်းတယ်။ မဏ္ဍပ်တစ်ခုကို သုံးပုဒ်လောက်ပဲ အချိန်ရတယ်။ နောက်မှာ အခြားရေသဘင်ကားတွေက တန်းစီစောင့်နေတာ’ ဟု တေးချစ်သူက ပြောသည်။

မင်္ဂလာတံတားရှိရာ ကျုံးတောင်ဘက်ဘေး၊ ၂၆ လမ်းတွင် သင်္ကြန်အကြိုနေ့၊ နေ့လယ်ပိုင်း၌ ရေသဘင်ကားများ စုဝေးကြသည်။ ညနေ ၃ နာရီခန့်တွင် ဈေးချိုတော်ရှိရာသို့ ဦးတည်၍ တန်းစီကာ ဖြည်းဖြည်းမှန်မှန် မောင်းနှင်ကြသည်။ ဈေးချိုတော်သည် မန္တလေး၏ အသည်းနှလုံးတစ်ခုဖြစ်၍ ဈေးချိုသူ၊ ဈေးချိုသားများ၏ အားပေးမှုကို ခံယူရန်ဖြစ်သည်။

‘အကြိုနေ့ ၁၂ နာရီမှာ ကိုယ့်အသင်းစုရပ် ကနေ ကျုံးတောင်ဘက်သွားတယ်။ ရေသဘင် အဖွဲ့တွေက သူတို့သဘောနဲ့သူတို့ ဒီမှာ လာစုကြ တာ။ ဘယ်သူကြပ်မတ်မှုနဲ့မှ မဟုတ်ဘူး။ အဲဒီကနေ ဈေးချိုကို သွားတယ်။ နာရီစင်ကနေ တောင်ဘက်ကွေ့ပြီး ဖျော်ဖြေတယ်။ ဈေးချိုသူတွေက ထွက်ကြည့်ကြတာပေါ့။ အဲဒီကနေ ဘယ်မှမရပ်တော့ဘဲ ဘုရားကြီးကို သွားကြတယ်။ ညနေ ၄ နာရီလောက်ရောက်ပြီ။ကားခေါင်းပိုင်းမှာ ငှက်ပျောပွဲနဲ့ပေါ့။ အဖွဲ့လိုက်ဘုရားဖူးပြီးတာနဲ့ ညစာ ထမင်းစားတယ်။ မှောင်တာနဲ့ ရေသဘင်ကားကို မီးထွန်းတယ်။ပြီးရင် ဘုရားနဲ့နီးတဲ့ ဟော်နန်းသူဇာတို့၊ ငွေကြယ်လေးများတို့ လမ်းကြုံတဲ့ ရေသဘင်အက မဏ္ဍပ်တွေမှာ ဖျော်ဖြေကြတယ်’ဟု ရေသဘင်ကား(ခေါ်)အလှပြယာဉ်များခရီးစဉ်ကို ပြောပြသည်။

### ရှေးရှေးက မန်းသင်္ကြန်

မန်းသင်္ကြန်ဟု သင်္ကြန်သီချင်းများတွင် တေးပြုစာဆိုများက ရေးဖွဲ့ကြသည်။ မန္တလေးသူ၊ မန္တလေးသားမှန်လျှင် ‘မန္တလေး’ဟု အသံမထွက်ဘဲ ‘မန်းလေး’ဟု အသံထွက် ပြောဆိုကြပြီး ‘မန်းတလေး’ဟု အသံထွက်ပြောသူက မန္တလေးသား စစ်စစ်မဟုတ်ဟု ဆိုရမည်။ ထိုနည်းတူ သင်္ကြန်ကိုလည်း ‘တ’နှင့် ‘လေး’ကို ဖျောက်၍ ‘မန်းသင်္ကြန်’ ဟု မန္တလေးသား တေးပြုစာဆိုများက ရေးဖွဲ့ကြခြင်း ဖြစ်ပေမည်။ မည်သို့ဆိုစေ။ ရှေးရှေးက မန်းသင်္ကြန်ပုံရိပ်များသည် အချိန်၏တိုက်စားခြင်းကြောင့် ကျန်ရစ်ခဲ့သော်လည်း သိမီသူများမှာ လွမ်းစရာအတိတ်ကို ပြန်ပြောင်း အမှတ်တရရှိနေကြဦးမည်ဟု ဆိုချင်ပါတော့သည်။

**ခိုင်ဆက်ဝေ**

# ကျောက်ဆည်ခရိုင် လူထုအခြေပြုဌာနတွင် စာရေးဆရာများ စာပေဆွေးနွေးပွဲ ကျင်းပ



**ကျောက်ဆည် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စာရေးဆရာများ စာပေဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

စာပေဆွေးနွေးပွဲတွင် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း ဂုဏ်ထူးဆောင်နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မိုး(ကျောက်ဆည်)က အဖွင့်သြဝါဒစကား မိန့်ကြားပြီး ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကိုကိုဇော်(ကာတွန်းဖောင်းဖောင်း)က စာပေဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး ဒေါက်တာမောင်သင်းက စာပေရေးရာကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး ကျောက်ဆည်ခရိုင် ပြည်သူ့စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းကြသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းနာယက ဦးကျော်သန်း (မောင်ခိုင်ကျော်-ကျောက်ဆည်)က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌက ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းများနှင့် စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်အတွင်းရှိ စာရေးဆရာများက စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စုစုအေး(ကျောက်ဆည်)**

# (Book Club) အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေး



**စဉ့်ကိုင် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့တို့ ပူးပေါင်း၍ စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် 'အသက်နှစ်ဆယ်အရွယ်များသို့' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာ ဦးအေးကိုကို(ရွှေလွင်ပြင်)က အဆိုပါစာအုပ်မှ 'စစ်မှန်တဲ့ မိတ်ဆွေကောင်း' ခေါင်းစဉ်ပါ အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးကြပြီး (Book Club) အဖွဲ့ဝင် ဦးထွန်းမြင့်က 'သမီးတို့၊ သားတို့အတွက် စကားလက်ဆောင်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ဒေါ်ခင်စန်း(အဖွဲ့ဝင်)က 'အောင်မြင်မှုမှ ပိုမိုအောင်မြင်ခြင်းဆီသို့' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် (Book Club) အဖွဲ့ဝင်များကလည်း စာအုပ်တွင်ပါဝင်သည့် အခန်းကဏ္ဍများအလိုက် မိမိတို့၏ အတွေးအမြင်ရသများအား အသီးသီး ပါဝင်ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၉)



**ပလင်းတန်ပွံ့ဖြိုးဖို့ စာအုပ်၊ စာပေလေ့လာစို့ ။**

# မြစ်မိမ်းရောင် (အသားကဏ္ဍ)ငွေစာရင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**သရက် မတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြစ်မိမ်းရောင်(အသားကဏ္ဍ)ငွေစာရင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးတွင် ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃)က အဖွင့်အမှာစကားပြောကြားရာမှာ မြို့နယ်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ဒေသန္တရ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်းအနေဖြင့် မုံဇလီကျေးရွာ၊ အုန်းမွှန်းတောကျေးရွာနှင့် (အသားကဏ္ဍ)သီးကုန်းကျေးရွာဒေသ နွားမျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်းအနေဖြင့် စီမံကိန်း(၃)ခုရှိပါသည်။ အဆိုပါ စီမံကိန်းများ စနစ်တကျ ရေရှည်လည်ပတ်နိုင်ရေးအတွက် ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ခြင်းဖြစ်ပါတယ်ဟု ပြောကြားပေးခဲ့သည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိမ့်သိမ့်ဖူးပွင့်က မြို့နယ်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထူထောင်ထားသော စီမံကိန်းများ စနစ်တကျ ရေရှည်တည်တံ့ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ထားရှိခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး သင်တန်းကို သင်တန်းသား ၂၀ဦးဖြင့် ဖွင့်လှစ်ပြီး သင်တန်းကာလမှာ ၃ရက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့မြေ

## မီးဘေးကြိုတင်ကာကွယ်စေချင်

* မီးဘီလူးသဘက်

ဘေးသူဖျက်

မမေ့သတိဆက် ။

တက်တက်ပြောင်ပြောင်

ကြမ်းကြုတ်လောင်

မီးသွေးမည်းနက်မှောင် ။

မီးဘေးရှောင်

မလောင်ခင်တား

ကြိုတင်ပြင်ဆင်ထား ။

မီးချိတ်၊ မီးကပ်၊ ရေပုံးချိတ်

ဆေးဘူးဆောင်

သဲအိတ် ။

မီးကြွင်း မီးကျန် မီးဖိုမီး

မပေါ့ဆနဲ့

တားကာဆီး ။

စာရွက်စာတမ်း ဥစ္စာမခန်း

ကြိုတင်ကာလေ

ထုပ်ပိုးမြန်း ။

မီးလောင်လျှင် ဆက်သွယ်စကား

အမြဲမှတ်သား

မမေ့အား ။

မီးဘေးကြိုတင် စဉ်ပြင်ဆင်

သတိစကား စွဲမှတ်ထား

ဘေးကင်းကြစေသား ॥ ॥

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မတ် ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၉ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည့် စာရင်းဇယားအချက်အလက်များ၊ အထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ ကျောက်ခတ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၃၉ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၀၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၃၀၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ

"ပြင်ပလေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ"

**ပြင်ပလေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေသည့် အခိုးအငွေ့များထွက်ရှိစေသော အဓိကအကြောင်းရင်းများ-**

- စက်ရုံအလုပ်ရုံများနှင့် အမှိုက်မီးရှို့စက်များမှ ထွက်ရှိလာသော အခိုးအငွေ့များ၊
- မီးစက်များ၊ အင်ဂျင်စက်များ၊ မော်တော်ယာဉ်များမောင်းနှင်ခြင်းမှ ထွက်ရှိသော အခိုးအငွေ့များ၊
- ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ ကဲ့သို့သော တိရစ္ဆာန်များ အစာခြေခြင်းမှထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များ။

**ပြင်ပလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ် သက်ရောက်မှုများ-**

- လေထုညစ်ညမ်းမှုနှင့် ထိတွေ့ခြင်းကြောင့် လတ်တလောတုံ့ပြန်မှုအဖြစ် မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများ ယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်း တို့ဖြစ်ပွားစေနိုင်ပါသည်။
- လေထုညစ်ညမ်းမှုအနည်းအကျဉ်းကိုဖြစ်စေ ကာလတာရှည်ထိတွေ့မိခြင်းကြောင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်းအန္တရာယ်ကို မြင့်မားစေခြင်း၊ ပန်းနာရင်ကြပ်ရောဂါကို ပိုမိုဆိုးရွားစေခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာရောဂါနှင့် အရွယ်မတိုင်ခင်သေဆုံးခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။

**ပြင်ပလေထုညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း**

- စက်ရုံ၊ အလုပ်ရုံများမှ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သော အခိုးအငွေ့ထွက်ရှိမှုများကို လျှော့ချခြင်း၊
- လူနေအိမ်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဆေးရုံ၊ဆေးခန်းများမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ စနစ်တကျ စီမံခန့်ခွဲစွန့်ပစ်ခြင်း၊
- ပတ်ဝန်းကျင်တွင်မီးခိုးငွေ့ကင်းစင်စေရန် သန့်ရှင်းသောလောင်စာအဖြစ် လျှပ်စစ်မီးဖို၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးဖိုနှင့် ဂက်မီးဖိုများ အသုံးပြုခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုခြင်း၊
- ရုပ်ကြွင်းလောင်စာဖြင့် မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချခြင်း။

| ဝန်းကျင်လေထု အရည်အသွေး ညွှန်းကိန်း(AQI) | (၀-၅၀) | (၅၁-၁၀၀) | (၁၀၁-၁၅၀) | (၁၅၁-၂၀၀) | (၂၀၁-၃၀၀) | (၃၀၁-၅၀၀) |
|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညှိုး | ညစ်ညမ်း | ပိုမိုညစ်ညမ်း | အန္တရာယ်ရှိသည် |

ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း (AQI)တန်ဖိုး(၁၅၁-၂၀၀) အနီရောင်အဆင့်နှင့်အထက်မှစ၍ မဖြစ်မနေ နှာခေါင်းစည်း(Mask) ဝတ်ဆင်ပါ။

၂၀၂၅ ခုနှစ်၊ မတ်လ

---

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ

"အိမ်တွင်းလေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ"

**အိမ်တွင်းလေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများ-**

- အိမ်အတွင်း လေဝင်လေထွက်စနစ် ညံ့ဖျင်းခြင်း၊
- အခန်းအတွင်း ထင်း၊ မီးသွေး၊ လောင်စာတောင့်တို့ကို လောင်စာအဖြစ်အသုံးပြုခြင်း၊
- အခန်းအတွင်း ခြင်ဆေးခွေ၊ အမွှေးတိုင်ထွန်းညှိအသုံးပြုခြင်း၊ အိမ်အတွင်းဆေးလိပ်သောက်ခြင်း၊
- တိုက်ခန်းများအတွင်း ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးမီးစက်များကို ကြာရှည်စွာ မောင်းနှင်အသုံးပြုခြင်း။

**အိမ်တွင်းလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ်သက်ရောက်မှုများ-**

- ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ နှာခေါင်းသွေးယိုခြင်း၊
- ကလေးသူငယ်များတွင် နမိုးနီးယားခေါ် လတ်တလောအဆုတ်ရောင်ခြင်း၊
- နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ(ဥပမာ-ပန်းနာရင်ကြပ်ရောဂါ)၊
- နှာခေါင်း၊ လည်ချောင်း၊ အသံအိုးနှင့် အဆုတ်ကင်ဆာများဖြစ်ခြင်း၊
- ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့ အဆိပ်သင့်ခြင်းကြောင့် ကိုယ်အလေးချိန်မပြည့်သောကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်းနှင့် တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း မြင့်မားခြင်း။

**အိမ်တွင်းလေထုညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း**

- မိမိတို့နေထိုင်ရာ အိမ်၊ မီးဖိုခန်းများအတွင်း လေဝင်လေထွက် ကောင်းမွန်အောင် ပြုပြင်ပါ၊
- မီးခိုးအထွက်နည်းသည့် လောင်စာများ(ဥပမာ-လျှပ်စစ်၊ ဓာတ်ငွေ့)ကို အစားထိုးအသုံးပြုပါ၊
- မီးဖိုခန်းအတွင်း မီးခိုးငွေ့များ အိမ်ပြင်ပသို့ အလွယ်တကူထွက်စေရန်ဆောင်ရွက်ပါ၊
- အလုံပိတ်အိမ်များတွင် မီးခိုးခေါင်းတိုင်အငယ်စားတစ်ခု တပ်ဆင်ပါ၊
- လေဝင်လေထွက်မကောင်းသော၊ လေလုံသော အခန်းများအတွင်း ခြင်ဆေးခွေ၊ အမွှေးတိုင်များ ထွန်းညှိခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်အတွင်းဆေးလိပ်သောက်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊
- အမှိုက်သရိုက်များကို အိမ်အနီးတွင် စုပုံမီးရှို့ခြင်းမှ ရှောင်ကြဉ်ပါ။

ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်(၅)နှစ်အောက်အလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်အဆုတ်ရောဂါ သို့မဟုတ် ပန်းနာရင်ကြပ်ရောဂါရှိသူများ၊ နှလုံးရောဂါရှိသူများသည် အိမ်တွင်းလေထုညစ်ညမ်းမှု၏ဒဏ်ကို ပိုမိုပြင်းထန်စွာ ခံစားရနိုင်ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ

# နွေရာသီမှာ ရေချိုးဆင်ခြင်ပါ

အိုဇုန်းလွှာပြဿနာကြောင့် ကမ္ဘာကြီးပူနွေးလျက်ရှိရာ၊ မြန်မာနိုင်ငံ၏ ရာသီဥတုမှာလည်း တစ်နေ့ထက်တစ်နေ့ အပူရှိန်မြင့်တက်လျက်ရှိသည်။ နေ့ရောညပါ ချွေးထွက်ကြရသည်။ ထိုအခါ ရေများများသောက်ပေးဖို့ လိုအပ်လာသည်။ အဘယ်ကြောင့်ဆိုသော် အပူဒဏ်ကို ရင်ဆိုင်ရာတွင် လူတို့၏ဇီဝပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန်အတွက် 'ရေ'က မရှိမဖြစ်အရာဖြစ်ပါသည်။ အပူဒဏ်ကြောင့် တစ်နာရီကြာ ချွေးထွက်ခြင်းအတွက် သန့်ရှင်းသောသောက်ရေကို ၄က်ပျော့ဖူး နှစ်ပုလင်း(တစ်လီတာခန့်)သောက်သုံးပေးသင့်ပါသည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူလူတစ်ဦးအတွက် တစ်နေ့လျှင် သန့်ရှင်းသော သောက်ရေကို ၄က်ပျော့ဖူး ၁၀ ပုလင်းမှ ၁၆ ပုလင်း(ငါးလီတာမှ ရှစ်လီတာခန့်)ကို ဓာတ်ဆားရည်နှင့်ရော၍ သောက်သုံးပေးသင့်သည်။

**အဘယ်ကြောင့် ရေများများသောက်သင့်သနည်း**

* အကယ်၍ လူတစ်ယောက်သည် အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက်(၄၁ ဒီဂရီစင်တီဂရိတ်)တွင် အချိန်ကြာကြာ အပူဒဏ်ကိုဆက်၍ခံနေရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည်။

* အကယ်၍ လူတစ်ယောက်သည် အပူချိန် ၁၀၉ ဒီဂရီဖာရင်ဟိုက်(၄၃ ဒီဂရီစင်တီဂရိတ်)တွင် အသက်သေဆုံးနိုင်သည်။

ထို့ကြောင့် ပြောင်းလဲလာသော ပြင်ပအပူရှိန်နှင့်အတူ လူ့ခန္ဓာကိုယ်တွင်း၌ အပူချိန်တို့ မျှခြေဖြစ်စေဖို့အတွက် ပူပြင်းသောရာသီတွင် ရေများများသောက်ပေးသင့်ပါသည်။ ထို့ပြင် အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန်အတွက်ကိုလည်း ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်တွင်း အပူငြိမ်း၍ အေးမြစေသော အစားအသောက်များဖြစ်ကြသည့် ဥပမာ- နွားနို့၊ ဒိန်ချဉ်၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ ဖရဲသခွား၊ သခွားမွှေးသီး၊ သံပရာသီး၊ သခွားသီး၊ ဘူးသီး၊ မန်ကျည်းသီး၊ ရှောက်သီး၊ ပူဒီနံရွက်၊ ဂေါ်ရခါးသီး၊ မုန်လာဥအဖြူ စသည်တို့ကို စားပေးသင့်ပါသည်။

**နွေရာသီ ရေချိုးသင့်သောအချိန်**

ပူပြင်းသောရာသီမှာ ရေချိုးနည်းစနစ် မှန်ကန်ဖို့သည်လည်း အထူးအရေးကြီးပါသည်။ ရေချိုးနည်း မှန်ကန်မှသာလျှင် အပူကို အကြောင်းခံ၍ ဖြစ်ပေါ်သော လေသင်တုန်းရောဂါ (Heat Stroke) ကို ကာကွယ်နိုင်မည် ဖြစ်ပေသည်။ ရေချိုးသည်ဆိုရာမှာလည်း အချိန်အခါမဟုတ် မချိုးသင့်ပေ။ '**ဆောင်းတစ်ဆယ်၊ နွေကိုး၊ မိုးခုနစ်၊ ရေချိုးစနစ် အကျိုးဖြစ်၏**' ဟု ရှေးဗိန္ဓောဆရာကြီးများက မိန့်ဆိုထားသည်။ ထို့ကြောင့် နွေရာသီအတွက် ရေချိုးရန်အသင့်တော်ဆုံးအချိန်မှာ နံနက် ၉နာရီ ဖြစ်သည်။ ထို့ပြင် မြန်မာပြည်ရာသီဥတုအတွက် ၁၂ လရာသီပတ်လုံးမှာ နံနက် ၇နာရီမှ နေ့လယ် ၁၂နာရီအတွင်းသာ ရေချိုးသင့်ကြောင်း မှတ်သားလိုက်နာသင့်ပေသည်။

နေပူထဲကပြန်လာလျှင် ချက်ချင်း ရေမချိုးသင့်ပေ။ နေပူထဲကပြန်လာပြီးနောက် ရေကိုဝအောင်သောက်၍ ခေတ္တဆိုင်းငံ့ အနားယူပြီးမှသာ ရေချိုးသင့်ပါသည် (ရေခဲရေမသောက်ပါနှင့်)။ မည်မျှပင် ပူအိုက်နေပါစေ ညဘက်ရေချိုးခြင်းကို ရှောင်ရှားသင့်ပေသည်။ ညအချိန်ရေချိုးခြင်းက သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးမှား၍ ဖျားနာတတ်သည်။ အဆိုးဆုံးအခြေအနေ၌ လေဖြတ်တတ်ပါသည်။ အကယ်၍ မဖြစ်မနေ ညဘက်ရေချိုးရမည်ဆိုပါက အိမ်ထဲမှာ ဆယ့်ငါးမိနစ်ခန့် မရပ်မနား လမ်းသွက်သွက်လျှောက်ပြီး လည်ကုပ်နှင့် ချိုင်း(ဂျိုင်း)ချွေးစို့လာမှသာ ရေချိုးသင့်ပါသည်။

**မှန်ကန်သော ရေချိုးနည်းစနစ်**

ပုံမှန် ကျန်းမာရေးကောင်းမွန်နေသူအတွက် လိုက်နာသင့်သော ရေချိုးပုံနည်းစနစ် အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။



* ပထမအဆင့်၌ ဒူးဆစ်အောက်ပိုင်း ခြေထောက်မှစ၍ ရေလောင်းချိုးပါ။

* ဒုတိယအဆင့်၌ ခါး၊ ပေါင် စသည်တို့ကို ရေလောင်းချိုးပါ။

* တတိယအဆင့်၌ ကျောပြင်မှစ၍ ရေလောင်းချိုးပါ။

* စတုတ္ထအဆင့်၌ တစ်ကိုယ်လုံး ရေလောင်းချိုးပါ။

ထိုနည်းစနစ်ဖြင့် ရေချိုးလျှင် ကိုယ်ခန္ဓာကိုယ်ကြီးအတွင်းအောင်းနေသော အပူ၊ အပုပ်၊ အခိုးများ တရှိန်ရှိန်ထွက်၍ ကိုယ်လက်ပေါ့ပါးကာ စိတ်ကြည်လင်လန်းဆန်းလာစေပါမည်။ အထူးသတိထားဆင်ခြင်ရန်မှာ ရေကို ခေါင်းကစ၍ လောင်းချိုးလျှင် တစ်ကိုယ်လုံးရှိ အခိုးအငွေ့များ ဦးခေါင်းထဲရောက်လာ၍ ခေါင်းကိုက်၊ ခေါင်းမူး၊ မျက်စိမှုန်၊ ဆံပင်ကျွတ်၊ ထိပ်ပြောင် စသည်တို့ကို ဖြစ်စေသည်။ ထို့ကြောင့် ခေါင်းလျှော်သည့်နေ့မှာလည်း ဖော်ပြပါ ရေချိုးပုံနည်းစနစ် အဆင့်ဆင့်အတိုင်း လိုက်နာသင့်ပါသည်။

အထက်ပါရေချိုးနည်းသည် ကျန်းမာရေးပုံမှန်ကောင်းမွန်နေသူများအတွက် ဖြစ်သော်လည်း ခြေဖျားလက်ဖျား အမြဲအေးစက်လေ့ရှိသူများ၊ သွေးပေါင်ချိန်ကျသူများနှင့် တစ်မိနစ်လျှင် သွေးခုန်နှုန်းအကြိမ်(၅၀)အောက် နည်းသူများကမူ ရေမချိုးခင် အသက်ပြင်းပြင်းလေဝဝရှူပါ။ လေကောင်းလေသန့်ရသောနေရာ၌ ခေတ္တမျှလမ်းလျှောက်ပြီး ရေနွေးဖြင့်ချိုးပါ။ သို့သော် ရေနွေးအပူသည် လူ့ခန္ဓာကိုယ်အပူရှိန်ထက် ပို၍ မပူသင့်ပေ။ ရေနွေးနှင့်ရေချိုးနေစဉ် မျက်နှာသုတ်ပဝါတစ်ထည်ကို ရေအေးဆွတ်၍ ဦးခေါင်းထက်ပေါင်းထားသင့်ပါသည်။

**ရေချိုးခြင်း၏ အကျိုးကျေးဇူးများ**

နေ့စဉ် ရေချိုးခြင်းအားဖြင့် လူ့ခန္ဓာကိုယ်အား အပူ၊ အအေးမျှတအောင် သဘာဝနည်းဖြင့် ပြုပြင်ပေးရာရောက်ပါသည်။ တစ်နည်းဆိုသော် ခန္ဓာကိုယ်အား အပူအအေးမျှတအောင် သဘာဝအလျောက် ပြုပြင်ပေးသည့်ကုထုံးတွင် ရေချိုးခြင်းက အထိရောက်ဆုံးနှင့် အလွယ်ကူဆုံးနည်းစနစ် ဖြစ်ပါသည်။ ရေမှန်မှန်ချိုးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ရရှိနိုင်ပါသည်။

* လူ့ခန္ဓာကိုယ်မှထွက်သည့် မကောင်းသော အခိုးအနံ့နှင့် ကြေးညှော်များကို သန့်ရှင်းစင်ကြယ်စေသည်။

* အာရုံ့ပိုးမွှားများကို ပယ်ဖျောက်စေပါသည်။ ထိုမျှမက ကူးစက်တတ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးများကိုလည်း ရေများများလောင်း၍ ဆပ်ပြာမော်လီကျူးများဖြင့် နှိမ်နင်းနိုင်ပါသည်။

* လူ့ခန္ဓာကိုယ်မှ ထွက်သော ချွေးအဆီအစေးတို့သည် ကိုးသောင်းကိုးထောင်သော မွေးညင်းပေါက်များကို ပိတ်ဆို့ထားရာ ရေချိုးလိုက်ခြင်းဖြင့် ၄င်းမွေးညင်းပေါက်များ ပွင့်လာသည်။ အခိုးပွင့်လာသဖြင့် စိတ်ကြည်လင်လန်းဆန်းလာသည်။

* ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိကြည်လင်စေပြီး သွားကိုက်သွားနာခြင်း၊ သွားဖုံးရောင်ခြင်း၊ ခေါင်းအုံခြင်း၊ အကြောတက်ခြင်း၊ နားအူခြင်းတို့မှ ကာကွယ်နိုင်သည်။

* ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီးနောက် ရေချိုးလိုက်သောအခါ ချက်ချင်းဆိုသလို အားအင်ပြည့်လည်ပြည့်ဖြိုးသလို စိတ်ရောကိုယ်ပါ ခံစားရနိုင်ပါသည်။

* သဘာဝပတ်ဝန်းကျင်လေထုနှင့် ထိတွေ့မှုနည်းသော ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းများဖြစ်ကြသည့် ပေါင်ခြံ၊ ချိုင်း(ဂျိုင်း)ကြားတို့ကို ရေချိုးခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေသည်။

* ရေချိုးခြင်းဖြင့် မျက်စိ၊ နား၊ နှာခေါင်း ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက လွန်စွာကောင်းကျိုးပြုပါသည်။

* နွေရာသီခံတွင်းပျက် အစာစားလိုစိတ်မရှိသော သက်ကြီးရွယ်အိုများ ရေချိုးပြီးနောက် ထမင်းစားပါက ခံတွင်းလိုက်ပြီး ထမင်းမြိန်စေပါသည်။

**အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်း**

အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်း အဆင့်ဆင့်ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

* အရိပ်ထဲတွင် ရေချိုးပါ။



* ဦးစွာ သောက်ရေ တစ်ဖန်ခွက် အပြည့်သောက်ပါ။

* ပြီးနောက် ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြောစနစ်များဖြစ်ကြသည့် (က)ခြေထောက်အောက်ပိုင်း၊ (ခ)လက်ဖျားနှင့် (ဂ)လက်မောင်းများ စသည့် သုံးနေရာကို ကြိုတင်အသိပေးသည့်အနေဖြင့် ရေဆွတ်ပက်ဖျန်းပေးပါ။

* ပြီးနောက် မျက်နှာသစ်ပါ။

* တစ်ဆက်တည်းမှာပင် လည်ကုပ်(ဂုတ်ပိုး)နှင့် လည်ပင်းတို့ကို ရေနှင့်ပက်ပေးပါ။

* ပြီးမှ ရေလောင်းချိုးပါ။

* ရေချိုးပြီးမှ သွားတိုက်ပါ။

* အလွန်အေးစိမ့်သော ရေကိုမချိုးရ။

* ဆပ်ပြာကိုလည်း ရှားစောင်းလက်ပပ်၊ မန်ကျည်းတို့ပါဝင်သော ဆပ်ပြာကိုသုံးပါ။

* ရေချိုးပြီးကာစဖြစ်သော်လည်း နွေရာသီ၌ ချွေးထွက်တတ်သည်။ ရေချိုးပြီးကာစ ပန်ကာလေ မခံပါနှင့်။

* ရေချိုးပြီးနောက် ရေခြောက်အောင်သုတ်ပါ။

* သနပ်ခါးရေကျဲကို နေ့စဉ် မှန်မှန် လိမ်းပေးပါ။

**(မှတ်ချက်)**

ရေချိုးသောအခါ ဗြုန်းခနဲ တစ်ရှိန်တည်း ရေကိုလောင်းချိုးခြင်း မပြုပါနှင့်။ ၄င်းနည်းက ကိုယ်အငွေ့အပြင်သို့ မထွက်တော့ဘဲ အပူငုပ်ပြီး ရောဂါရတတ်သည်။ ပူပြင်းသောရာသီ၌ ရေချိုးကြာမြင့်ချိန်သည် အနည်းဆုံး ၇ မိနစ်မှ အများဆုံး ၁၁ မိနစ်ခန့် ဖြစ်သင့်ပါသည်။ မြစ်၊ ချောင်းများ၌ ရေချိုးသူများသည် တစ်ခါတည်း မြစ်၊ ချောင်းထဲသို့ ခုန်မချဘဲ ရေဖြင့် ကိုယ်လက်တို့ကို ပွတ်သပ်ပြီးမှ ရေထဲသို့ ဆင်းပါ။ နေပူကျဲကျဲအချိန်၊ ဖျားနာနေချိန်၊ နေပူထဲက ပြန်ရောက်ကာစအချိန်၊ အလုပ်သိမ်းကာစ မောပမ်းနွမ်းနယ်ချိန်(သို့မဟုတ်) အားကစားလုပ်ပြီးပြီးချင်း ချွေးထွက်များချိန်၊ ခရီးရောက်မဆိုက်အချိန် စသည့်အချိန်များတွင် ရေချိုးပါက အဆုတ်နာရောဂါ၊ မျက်စိမှုန်ဝေခြင်း၊ မျက်စိနာခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ နားပင်းရောဂါနှင့် လေဖြတ်လေငန်းရောဂါများကို ဖြစ်စေတတ်သည်။

အချုပ်အားဖြင့်ဆိုသော် အနာရောဂါကင်းဝေးပြီး သက်တမ်းစေ့နေလိုသူများအတွက် ရေချိုးရာမှာ စနစ်တကျ မှန်ကန်ဖို့လိုပါသည်။ နွေရာသီရေချိုးမှားတတ်သူများ၊ အပူလေသင်တုန်း (Heat Stroke) ဖြစ်လွယ်သော သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် ယခုနှစ်နွေရာသီတွင် အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်းကို ဤဆောင်းပါးကတစ်ဆင့် အကြံပြုရေးသားလိုက်ရပါသည်။ ဤနည်းက ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို တဖြည်းဖြည်း အေးမြစေခြင်းမျိုးဖြင့် အပူမရှုပ်စေဘဲ ရေချိုးနည်းဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

အထူးသတိပြုရန်မှာ မည်သည့်ရာသီဥတုမဆို အလွန်အေးသောရေနှင့် အလွန်ပူနွေးသောရေတို့ကို မချိုးပါနှင့်။ ရေမချိုးမီ ရေတစ်ခွက်ကြိုတင်သောက်ထားသင့်ပြီး ရေလောင်းမချိုးခင်မှာလည်း ဆီးအရင်သွားထားဖို့လိုအပ်သည်။ ရေမချိုးမီ ခြေဖဝါးကို ဆားပွတ်ခြင်းက အလွန်ကောင်းမွန်သော အလေ့အထ ဖြစ်ပါသည်။

**စေတနာများစွာဖြင့်---**

**တင်ထက်ထက်ဇော်**

# ပြည်ပဝယ်လိုအားကောင်းနေပြီး ပဲတီစိမ်း တစ်တင်း ၁၅၀၀၀၀ ကျပ်အထိ ဈေးရှိလာ



**မန္တလေး မတ် ၂၈**

ပြည်ပပို့ကုန်ပဲတွေထဲမှာ ပဲတီစိမ်းဈေးကွက်ကတော့ ပြည်ပဝယ်လိုအားကောင်းနေတာကြောင့် ဒေသအလိုက် ဈေးတွေတက်လာတယ်လို့ သိရပါတယ်။ လက်ရှိမှာ ပဲတီစိမ်းကို ပြည်ပမှာလည်း ဝယ်လိုအား ရှိနေတာကြောင့် ပြည်တွင်းပဲတီစိမ်း ဈေးကွက်က မြင့်တက်နေတာဖြစ်တယ်လို့ သိရပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ နှစ်စဉ်ဈေးတန်းအမြင့်ဆုံးနှင့် ထိပ်ဆုံးကနေရပ်တည်ခဲ့တဲ့ ပဲတီစိမ်းခရမ်းရွှေဝါက လက်ရှိမှာတော့ ဝါးခယ်မ SQ ဈေးတန်းအောက်ရောက်ရှိနေကြောင်း သိရသည်။

"မတ်ပဲတို့ ပဲစင်းငုံတို့ဈေးကျနေချိန် ပဲတီစိမ်းက ဆက်တိုက်ကို ဈေးတက်လာပါတယ်။ အရင်နှစ်တွေဆို ပဲတီစိမ်းပေါ်ချိန်သာ ဈေးကောင်းရတတ်တယ်။ နောက်ပိုင်းဆို ဈေးတန်းကအေးသွားတတ်တယ်။ ဒီနှစ်ကတော့ မကျဘဲတက်လာတာပေါ့"ဟု ပဲရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပဲတီစိမ်းက လက်ရှိဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲတီစိမ်း တစ်ပိဿာကို ခရမ်းရွှေဝါ (ထိပ်စ)က ၅၅၀၀ ကျပ်၊ ပဲခူးရွှေဝါက ၅၅၀၀ ကျပ်၊ အညာပဲတီစိမ်းက ၅၁၆၅ မှ ၅၁၈၅ ကျပ်၊ ဝါးခယ်မ FAQ က ၅၂၅၀ မှ ၅၂၇၀ ကျပ်နဲ့ ဝါးခယ်မ SQ ၅၇၅၀ မှ ၅၇၇၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ ပဲတီစိမ်း ခရမ်းရွှေဝါအဓိကထွက်တဲ့ ရန်ကုန်တိုင်းက ခရမ်းသုံးခွနဲ့ မြို့နယ်အချို့ဈေးကွက်မှာ ခရမ်းရွှေဝါ ပိဿာ ၂၀ တစ်တင်းကို ၁၁၇၅၀၀ ကျပ် ဈေးရှိနေတယ်လို့ သိရပါတယ်။ ပဲတီစိမ်း ဝါးခယ်မကတော့ နယ်ဘက်တွေမှာ ပိဿာ ၂၀ တစ်တင်းကို ၁၄၀၀၀၀ ကျပ်မှ ၁၅၀၀၀၀ ကျပ်ဝန်းကျင်အထိ ဈေးတန်းပေါက်နေပါသည်။

"ဈေးကလည်းတက်၊ တောင်သူတွေကလည်း ရသမျှရောင်းတာပဲ။ ကျွန်တော်တို့ဆိုလည်း ရသမျှရောင်းနေတာ ကုန်သလောက်ဖြစ်ပြီ။ နောက်ဆိုတာမသေချာဘူး"လို့ ပဲတီစိမ်းစိုက် တောင်သူက ပြောပါတယ်။ ပဲတီစိမ်းဈေးကွက်က နှစ်စဉ် ပဲတွေစတင်ခူးဆွတ်ချိန်မှာသာ ဈေးကောင်းပြီး ဈေးတက်လေ့ရှိတာကြောင့် တောင်သူအများစုက ခူးဆွတ်ရိတ်သိမ်းပြီးသမျှ ပဲတီစိမ်းအားလုံးနီးပါးကို ချက်ချင်းရောင်းချနေကြပေမယ့် ပဲတီစိမ်းဈေးမြင့်တက်လာနေဆဲဖြစ်သလို တောင်သူရောင်းအားကလည်း များနေတယ်" ၄င်းကပြောသည်။

တောင်သူတွေအနေနဲ့ ရောင်းလိုအားများနေပေမယ့်လည်း ပြည်ပက ပဲလိုအပ်ချက်ရှိပြီး ဝယ်ယူမှုများနေတာကြောင့် ပဲတီစိမ်းဈေးက မကျဆင်းဘဲ ဈေးကွက်အတက်ဘက်ပဲရှိနေတာဖြစ်တယ်လို့ သိရပါတယ်။ ပဲတီစိမ်းကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းတို့မှာ အဓိကအများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀



## ဟိုပုံးမြို့နယ် အ.ထ.က(၁)ကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) ၁/၂၀၂၅ ဖွင့်လှစ်သင်ကြားလျက်ရှိ

**ဟိုပုံး မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ လုပ်ငန်းခွင်အတွင်းရှိ ပညာရေးဒီပလိုမာမရရှိသေးသည့် ဆရာ၊ ဆရာမများကို ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာရရှိစေပြီး ဆရာအတတ်ပညာအရည်အသွေးပိုမိုပြည့်ဝကာ သင်ကြားရေးစွမ်းရည်မြင့်မားပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော ဆရာ၊ ဆရာမများဖြစ်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) ၁/၂၀၂၅ ကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းအား မတ်လ ၂၄ ရက်မှ မေလ ၃၀ ရက်အထိ သင်တန်းနည်းပြ ဆရာ၊ ဆရာမ ၁၁ ဦး၊ သင်တန်းကြီးကြပ် ဆရာ၊ ဆရာမ ၁၃ ဦးဖြင့် ဖွင့်လှစ်ဖြင်းဖြစ်ပြီး ဘာသာရပ် ၁၅ ခုသင်ပြနည်းအား စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကာ ဟိုပုံးမြို့နယ်မှ ဆရာ၊ ဆရာမ ၁၅၀ ဦး၊ ဆီဆိုင်မြို့နယ်မှ ဆရာ၊ ဆရာမ ၁၇၀ ဦး၊ နမ့်စန်မြို့နယ်မှ ဆရာ၊ ဆရာမ ၁၃၀ ဦး၊ မိုင်းကိုင်မြို့နယ်မှ ဆရာ၊ ဆရာမ ၅၀ ဦး၊ စုစုပေါင်း ဆရာ၊ ဆရာမ ၅၀၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဦးဝင်းညွန့်ထံက သိရသည်။

(အပေါ်ပုံ)

ပအိုဝ်းဒေသ(ပြန်/ဆက်)



## ပုသိမ်ကြီးမြို့နယ်တွင် နွေရာသီအခြေခံ အင်္ဂလိပ် Speaking သင်တန်း ဖွင့်လှစ်

**ပုသိမ်ကြီး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre တွင် နွေရာသီကျောင်းပိတ်ရက် ကလေးများအတွက် အခြေခံအင်္ဂလိပ် Speaking သင်တန်းဖွင့်လှစ်ခြင်း ကို ယနေ့ နံနက် ၉ နာရီက အဆိုပါဌာနရှိ ပံသုကျီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဦးကျော်သီဟက နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရေး အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း ပူးပေါင်းဖွင့်လှစ်ခြင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ပုသိမ်ကြီးမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ သုံးပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ သင်တန်းသားများအား နှစ် (၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၀၉၅)

## တရားမဝင်ဆင်းကတ်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် တရားမဝင်ဆင်းကတ်များ ရောင်းချမှုစစ်ဆေးရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ဖုန်းအရောင်းဆိုင်များနှင့် ဆင်းကတ်အရောင်းဆိုင်များ၌ ဆင်းကတ်များ မှတ်ပုံတင်ရောင်းချခြင်း ရှိ၊ မရှိနှင့် တရားမဝင် ဆင်းကတ်များ ရောင်းချမှုမရှိစေရေးအတွက် မတ် ၂၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ဆင်းကတ်ရောင်းချသူများမှ သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်မှန်ကန်စွာဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းတို့နှင့် ပတ်သက်၍ လိုက်နာရမည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ အော်ပရေတာနှင့် စာချုပ်ချုပ်ဆိုထားခြင်း မရှိသည့် ဆင်းကတ်အရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ်များမှ ဆင်းကတ်ရောင်းချခြင်း မပြုစေရန်၊ ကြိုတင်မှတ်ပုံတင်ထားသော ဆင်းကတ်များ ရောင်းချမှုမရှိစေရေးနှင့် ဆင်းကတ်များကို ဆင်းကတ်မှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဆင်းကတ်များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာ အမှတ် ၁၈/၂၀၂၃ ကို ဖြန့်ဝေ၍ အသိပညာပေးခဲ့ပြီး လိုက်နာဆောင်ရွက်မှုမရှိပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အတွင်းရှိ ဆင်းကတ်အရောင်းဆိုင်များအား အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)



## ကြက်ခြေနီအခြေခံ ရှေးဦးပြုစုနည်းသင်တန်း ဖွင့်လှစ်သင်ကြား

**ပွင့်ဖြူ မတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ကြက်ခြေနီအခြေခံရှေးဦးပြုစုနည်းသင်တန်းကို မတ် ၂၅ ရက်မှစပြီး ပွင့်ဖြူမြို့နယ်၊ ကံသာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း အဆိုပါ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်ထံမှ သိရသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်း၏ ကြီးကြပ်မှုဖြင့် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်နှင့် တပ်ဖွဲ့ဝင်များက သင်တန်းသား၊ သင်တန်းသူများကို ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ အရိုးကျိုးခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ ရှေးဦးပြုစုကုသနည်းဖြင့် အထွေထွေကျန်းမာရေးအခြေအနေများ၊ ဆို့နင်ခြင်း၊ အသက်ရှူအားကူနှလုံးနှိုးဆွခြင်း၊ အဆိပ်သင့်ခြင်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ စနစ်တကျလူနာသယ်ဆောင်ခြင်း၊ လူနာဆန်းစစ်ခြင်း စသည့် အခြေခံကြက်ခြေနီရှေးဦးပြုစုနည်းပညာရပ်များကို စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိပြီး သင်တန်းနည်းပြ ဆရာများက နေ့အလိုက် ပို့ချသင်ကြားပေးသည့် သင်ခန်းစာများအပေါ် သင်တန်းသား၊ သင်တန်းသူများနှင့် ဆန်းစစ်ဆွေးနွေးကာ လက်တွေ့နယ်ပယ်၌ ထိရောက်စွာ ကူညီဆောင်ရွက်သွားနိုင်ရေး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယင်းသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံကြက်ခြေနီ ရှေးဦးပြုစုနည်းပညာ စိတ်ဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ် ၃၄ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၂၅ ရက်မှ ၂၉ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ
သဏ္ဌာန်လှပ၊ ပန်းရလိမ့်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄)၊ ဦးပိုင်နံပါတ်(၈)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ရီ(ခ)ဒေါ်ခင်ရီရီသော်(ဘ)ဦးဘသော်(၉/မရတ(နိုင်)၀၁၇၀၄၇) [၎င်း၏ကိုယ်စား ဒေါ်ခင်သင်းဆွေ(ဘ)ဦးညို(၉/မရတ(နိုင်)၀၁၇၁၈၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂)၊ ဦးပိုင်နံပါတ်(၈၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ခင်မူမူ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ပန်းအိဟန်(ဘ)ဦးသန်းမောင်(၉/အမဇ(နိုင်)၀၂၄၀၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၄)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးနေလင်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ TONE KWE SIN(ခ)တုံကွေစင်(ဘ)ဦးတုံရှုးဖု(၁/မကန(ဧည့်)၀၀၁၃၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၆)၊ ဦးပိုင်နံပါတ်(၇၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးပြူး အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးပြူး ကွယ်လွန်သွားသဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းလွင်(၉/မရတ(နိုင်)၀၉၅၂၆၅)၊ ဦးစိုးမြင့်ဦး(၉/မရတ(နိုင်)၀၉၅၂၆၆)၊ ဒေါ်သန်းမြင့်ရွှေ(၁၃/မမတ(နိုင်)၀၀၅၃၄)နှင့် ဒေါ်ငွေငွေဝင်း(၉/မနမ(နိုင်)၁၁၁၆၇၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဦးမြင့်မြတ်အောင် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျောက်ချောကျေးရွာ၊ ကွင်းအမှတ်(၅၆၂/က-ကျွဲနဖားမြောက်)၊ ဦးပိုင်အမှတ်(၂၇) ရောင်းချသူ ဒေါ်စန်းစန်းအေး(ဘ)ဦးအောင်လှိုင်(၉/ပသက(နိုင်)၀၈၇၅၇၇) အမွေခွဲဝေရရှိထားပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသော ဧရိယာ(၀ ဒသမ ၁၉)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားမှုများ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မြင့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၄၁လမ်းနှင့် ၉၁လမ်း၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၇၉၈၇၄၁၉၃၆**

**ဦးရဲထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၀)**
**ကျွဲနဖားကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း ၀၉-၉၇၉၅၀၆၅၄၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၅၉၀/၁၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် မန္တလေးဂါးဒင်းစီးတီးကုမ္ပဏီမှ ဆောက်လုပ်ထားသော ဂါးဒင်းစီးတီး apartment complex အတွင်းရှိ တိုက်အမှတ်(၁၂)၊ အလွှာ(၅)၊ အခန်းအမှတ်(၄)၊ ၆၀၅ စတုရန်းရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူ ဒေါ်သက်သက်ချို(ဘ)ဦးတင့်လွင်(၉/ခမစ(နိုင်)၀၁၀၃၆၄)ထံမှ ဒေါ်နန်းမိုခမ်းဟွမ်(ဘ)ဦးစိုင်းမောင်ကျုန်(၁၃/လရန(နိုင်)၁၂၉၆၁၇)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တချို့တစ်ဝက် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင် ပိုင်ဆိုင်ခွင့်ရစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းမိုခမ်းဟွမ်(ဘ)ဦးစိုင်းမောင်ကျုန် (၁၃/လရန(နိုင်)၁၂၉၆၁၇)**

**ဖုန်း ၀၉-၇၈၅၁၆၆၄၉၄**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ ကြေးသွန်းရပ်ရှိ အိမ်အမှတ်(အက-၁၄၃)၊ ဦးပိုင်အကွက်အမှတ်(၅၉၇/၄)၊ အရှေ့အနောက် (၂၆)ပေ၊ တောင်မြောက် ပေ(၈၀)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ် (၂×၃)ခန်း၊ အိမ်(၁)လုံး၊ အိမ်သုံးမီတာ (၁)လုံး အပါအဝင် မြေပေါ်-မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်အောင်(၉/အမရ(နိုင်)၁၁၂၃၈၁)၊ (သားနှင့်သမီးများ)ဦးတင်နိုင်လွင်(၉/အမရ(နိုင်)၁၃၈၂၆၀)၊ ဒေါ်မေမိုးသူ(၉/အမရ(နိုင်)၁၃၈၂၆၁)၊ ဒေါ်နန္ဒာအောင်(၉/အမရ(နိုင်)၁၃၈၉၀၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးခင်ဇော်(၉/အမရ(နိုင်)၀၆၉၁၄၈)၊ ဦးကိုလေး(၉/အမရ(နိုင်)၀၆၉၁၅၀)၊ (ညီမဖြစ်သူများ)ဒေါ်ခင်စန်းဝင်း(ခ)ဒေါ်စန်းစန်းဝင်း(၉/အမရ(နိုင်)၀၆၃၃၃၈)၊ ဒေါ်မြင့်သန်းအေး(၉/အမရ(နိုင်)၀၀၆၅၀၂)တို့က အပြီးအပိုင် ဝယ်ယူ၍ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ -**
**ဦးခင်ဇော် (၉ /အမရ(နိုင်)၀၆၉၁၄၈)**
**ဦးကိုလေး (၉ /အမရ(နိုင်)၀၆၉၁၅၀)**
**ဒေါ်ခင်စန်းဝင်း(ခ)ဒေါ်စန်းစန်းဝင်း**
**(၉ /အမရ(နိုင်)၀၆၃၃၃၈)**
**ဒေါ်မြင့်သန်းအေး (၉ /အမရ(နိုင်)၀၀၆၅၀၂)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်သန့် (LL.B , D.B.L)**
**အထက်တန်းရှေ့နေ**
**(စဉ်-၁၁၈၆၃/ ၂၀၁၇)**
**အိမ်အမှတ်(၁၂၅)၊ ဝါးတန်းမြောက်ရပ်၊**
**မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်။**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း၃၀၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ဒိုင်းနမစ်တိုက်တန်း၊ အမှတ်(D-2)နေ ဦးစောနု(၁၂/မဘန(နိုင်)၀၀၈၇၆၁)နှင့် ဒေါ်လှအေးခင်(၁၂/မဘန(နိုင်)၀၁၀၀၉၁)တို့၏ သမီးဖြစ်သူ မနွေနုအေး(၉/ပသက(နိုင်)၀၇၆၉၆၃)ကို (၂၆-၃-၂၀၂၅)ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

မနွေနုအေးနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှအားလုံးသည် ကျွန်ုပ်တို့မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဦးစောနု (၁၂ /မဘန(နိုင်)၀၀၈၇၆၁)**
**ဒေါ်လှအေးခင် (၁၂ /မဘန(နိုင်)၀၁၀၀၉၁)**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ်(၅၄/၇)၊ တိုက်ခန်းအမှတ်(B-၅၀၁)တွင် နေထိုင်ကြသော (ဘ)ဦးတင်စော၏ သား ဦးကျော်ကျော်စော မှတ်ပုံတင်အမှတ် (၁၃/တကန(နိုင်)၀၀၃၆၂၃)ကိုင်ဆောင်သူနှင့် (ဘ)ဦးစံလှ(ခ)ဦးစိုင်းထွန်းကျော်၏ သမီး မဖြိုးပွင့်ဝေ မှတ်ပုံတင်အမှတ် (၁၃/တကန(နိုင်)၂၀၄၆၂၅)ကိုင်ဆောင်သူတို့နှစ်ဦးသည် (၁-၁၂-၂၀၂၂)ရက်တွင် တောင်ကြီးမြို့ရှိ ခရိုင်တရားရုံးတွင် သက်သေလူအများရှေ့၌ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်၍ မဖြိုးပွင့်ဝေနှင့် လုံးဝပတ်သက်မှုမရှိတော့၍ အကြောင်းကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မည်သို့မျှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကျွန်ုပ်မိတ်ဆွေ ဦးကျော်ကျော်စော၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်လွင်ဦး (LL.B) (စဉ်-၂၄၀၈၃) အထက်တန်းရှေ့နေ**

**အမှတ်(၄၇ /က)၊ ဗ / ၂၀၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ မြရည်နန္ဒာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၆၇၅၉၁၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၁၀၂-က)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၇၉၉/၉၁-၉၂)အရ ဦးမြင့်ဆွေ မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၀၈၂၉၂၉) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်တင်တင်စိုး မှတ်ပုံတင်အမှတ် (၁၂/အစန(နိုင်)၁၆၃၈၈၆)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ အကွက်(က-၂)နေ ဦးဆန်းအောင်(ဘ)ဦးတင်ရွှေ(၉/မရတ(နိုင်)၀၉၇၃၁၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

မဟာ
အဆင့်မြင့်သစ်အချောထည်
စက်ရုံ

**မှတ်ပုံတင်အမှတ်(၄၈၅/ ၂၀၂၅)**

ကျွန်ုပ်တို့၏မိတ်ဆွေမှ 'မဟာ' အဆင့်မြင့်သစ်ချောထည်စက်ရုံအမည်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အမည်အမှတ်တံဆိပ်မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ်မှတ်ပုံတင်အမှတ် (၄၈၅/၂၀၂၅)အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေမှ 'မဟာ' အဆင့်မြင့်သစ်ချောထည်စက်ရုံ အမည်အမှတ်တံဆိပ်ကို အသုံးပြုပြီး 'အဆင့်မြင့်သစ်အချောထည်စက်ရုံ၊ သစ်အမျိုးမျိုး၊ ပရိဘောဂပစ္စည်းမျိုးမျိုး' တို့ကို လုပ်ကိုင်/ထုတ်လုပ်ပြီး ဖြန့်ချိရောင်းချလျက်ရှိရာ လူအများယုံကြည်စိတ်ချနှစ်ခြိုက်စွာဖြင့် အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော 'မဟာ' အဆင့်မြင့်သစ်ချောထည်စက်ရုံအမည်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားဘာသာစကားတို့ဖြင့်သော်လည်းကောင်း၊ ရှေ့/နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ တုပပြီး အသုံးပြုလုပ်ကိုင်ခြင်းမပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှားတုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ**

**ဒေါ်စင်မာအောင်(LL.B)** **ဒေါ်ချိုချိုဝင်း(LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**Success ဥပဒေနှင့်စီးပွားရေးအကြံပေးဝန်ဆောင်မှု**

**၆၂လမ်းနှင့် ၃၁လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၃၄၀၀၆၀၊ ၀၉-၄၀၂၅၄၉၉၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်နံပါတ်(၅၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးလှဘော် အမည်ပေါက်ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယုယုမော်(ဘ)ဦးသန်းမောင်(၉/ခမစ(နိုင်)၀၀၃၈၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** **ဒေါ်မာမာငွေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာဃာရပ်ကွက်၊ အကွက်အမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၆၄)၊ ဧရိယာအလျား ပေ(၆၀)၊ အနံပေ(၄၀) အကျယ်အဝန်းရှိ ဦးဆင်ကြီး အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်းအလယ်ကွက် အလျား(၁၅)ပေ၊ အနံပေ(၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်ဝင်းနွယ်အေး(ဘ)ဦးစောအေး(၉/မထလ(နိုင်)၀၀၇၄၂၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်တင်ကြည်**
**၉ /မကန(နိုင်)၀၃၅၈၈၇**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်သန်းငွေး[LL.B,D.B.L,PCT(Treaty),IP(Law)]**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး (LL.B) ဒေါ်စင်မာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း၊ ၀၉-၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်-ပွဲကုန်းရပ်၊ လမ်း ၉၀၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြားနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်းနိုင်(ဘ)ဦးကျော်တင့်(၉/အမဇ(နိုင်)၀၁၂၅၂၃)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်၊ မြရတနာရပ်ကွက်၊ အိမ်အမှတ်(၇၃)၊ အရှေ့အနောက်(၃၉)ပေ၊ တောင်မြောက်(၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ နံကပ်တစ်ထပ်တိုက် အပါအဝင် ရေ၊ မီး၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ဒေါ်တင်တင်လှ(ခ)ဒေါ်ခင်ထွေးတင် ပိုင်ကျန်မြေကွက်၏အနောက်တောင်ထောင့်၊ အိမ်အမှတ်(၇၃)၏ အနောက်မြောက်ထောင့်ရှိ အရှေ့အနောက်(၆ ဒသမ ၅)ပေ၊ တောင်မြောက်(၁၁)ပေရှိ ရေချိုးခန်းအိမ်သာ အဆောက်အအုံတို့အား အမွေဆက်ခံရရှိသူ ဒေါ်တင်တင်လှ(ခ)ဒေါ်ခင်ထွေးတင်(ဘ)ဦးငွေဇင်(၉/ပသက(နိုင်)၀၀၃၈၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်းနိုင်(၉/အမဇ(နိုင်)၀၁၂၅၂၃)က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးနေဝင်းနိုင်(ဘ)ဦးကျော်တင့်**
**၉/အမဇ(နိုင်)၀၁၂၅၂၃**

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်ခင်မာဝင်း(ခ)မခင်လေး (LL.B , D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၁၀၃)၊ မင်းတဲအိကင်း၊ ပေါ်ဦးရိုရပ်၊ ၁၉လမ်း၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၈၉၁၉၉၅၆၁၅၊ ၀၉-၄၄၄၀၁၇၅၃၅၊ ၀၉-၇၇၈၂၀၆၈၄၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၃၄၆)၏ မြောက်ဘက်ခြမ်း၊ အလျား(၉)ပေ၊ အနံ(၅၂)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဒေါ်ခိုင်မာလွင်(ဘ)ဦးအေးလွင်(၉/မခန(နိုင်)၁၅၅၂၀၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်ငွေး**
**၁၄ /စလန(နိုင်)၀၉၈၅၈၇**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်သန်းငွေး[LL.B,D.B.L,PCT(Treaty),IP(Law)]**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး (LL.B) ဒေါ်စင်မာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း၊ ၀၉-၇၉၈၇၄၄၁၀၃**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နှစ် (၈၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗေယျာသိဒ္ဓိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU ၊ ဒုတိယကာကွယ်ရေးဝန်ကြီး Maj. Gen. Andrei Valerianovich Burdyko နှင့် ဘယ်လာရုစ်နိုင်ငံမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယခုကဲ့သို့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့မှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှ လှိုက်လှဲစွာကြိုဆိုပါကြောင်း ပြောကြားပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၏ နှစ် (၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခွင့် ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြန်လည်ပြောကြားကာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန့်ကိုက ပေးအပ်လိုက်သည့် မြန်မာနိုင်ငံ၏ နှစ်(၈၀)ပြည့် တပ်မတော်နေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံ လက်ရောက်ပေးအပ်သည်။


ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်လျက်ရှိမှု၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း သဘောတူညီချက် ရရှိခဲ့သည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် စစ်ဘက် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန်ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဆေးဝါး ထုတ်လုပ်ရေးကဏ္ဍတို့ အပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်မှုများ မြင့်တင် ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲစေရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံ အကြား အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် တပ်မတော် အနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးခေတ်စနစ် အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီး ပြည်တွင်းပြည်ပ အန္တရာယ် ရန်စွယ်အမျိုးမျိုးကို အကြိမ်ကြိမ်ကာကွယ်စောင့်ရှောက်ခဲ့မှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဘယ်လာရုစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးထံ နှစ်(၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin တို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lt. Gen. Viktar Gennadyevich Khrenin တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။